မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၂၁ ရက်၊ စနေနေ့၊ အတွဲ(၄၆)၊ အမှတ်(၂၈၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံစုံညီအစည်းအဝေး မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များအခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အလုပ်ညှိကျသဘာပတိအဖွဲ့က ကောက်နုတ်စုစည်းတင်ပြ

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လေ့လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၂၀

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ညှိကျသဘာပတိအဖွဲ့က အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ကောက်နုတ်စုစည်း ဖတ်ကြားတင်ပြကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော

စာမျက်နှာ ၃ ကော်လံ ၁

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမတွင် ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇူလိုင် ၂၁ ရက်)

စပါးအထွက်နှုန်း တိုးတက်မြင့်မားရေး ကြိုးပမ်းဖော်ဆောင်

မြန်မာနိုင်ငံတွင် ဆန်စပါးသည် အဓိကစားသုံးသီးနှံဖြစ်သကဲ့သို့ ပြည်ပပို့ကုန်လည်း ဖြစ်သည်။ ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံရေးနှင့် ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရေးကို အလေးထား ကြိုးပမ်းလျက်ရှိသည်။

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မုတ်လွဲကျေးရွာ၌ ဇူလိုင်လ ၁၃ ရက်နေ့က မိုးစပါး ထွန်ယက်စိုက်ပျိုးပွဲ အခမ်းအနား ကျင်းပခဲ့သည်။ ဝိုင်းမော်မြို့နယ်တွင် ၂၀၀၆-၂၀၀၇ မိုးစပါးရာသီ၌ မိုးစပါး၄၉၂၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၇-၂၀၀၈ မိုးစပါး ရာသီတွင် ၅၂၉၅၅ ဧကစိုက်ပျိုးရန် လျာထားသတ်မှတ်ထားသည်။ ယခုအခါ မြေပြုပြင်မှု ၃၉၃၇၇ ဧက၊ စိုက်ပျိုးပြီးစီးမှု ၃၃၆၇၈ ဧကရှိပြီး ရာသီကုန်တွင် ၅၀၃၄၇ ဧက စိုက်ပျိုး နိုင်မည် ဖြစ်သည်။

ကချင်ပြည်နယ်တွင် ၂၀၀၆-၂၀၀၇ ခုနှစ် စိုက်ပျိုးရာသီ၌ မိုးစပါး ၅၀၉၂၇၄ ဧကစိုက်ပျိုး နိုင်ခဲ့ပြီး အထွက်နှုန်း ၆၆ ဒသမ ၈၈ တင်းနှုန်းဖြင့် စုစုပေါင်း ၃၄၀၅၈၄၁၃ တင်းထွက်ရှိခဲ့သည်။ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ကချင်ပြည်နယ်၌ မိုးစပါးဧကခြောက်သိန်း ပြည့်မီရန် ပြည်နယ်အတွင်းရှိ တစ်မြို့နယ်ချင်းက တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

နိုင်ငံတော်က ကချင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံး လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများ ကိုလည်း ဘက်စုံ၊ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆည်တမံကြီးများ၊ မြစ်ရေတင်စီမံကိန်းများကို ငွေကြေးအမြောက်အမြားသုံးစွဲကာ တည်ဆောက်ပေးနေသည်။

ဒေသခံ တိုင်းရင်းသားတောင်သူများသည် စိုက်ပျိုးရေးနည်းပညာများနှင့်အညီ စိုက်ပျိုးမြေတိုးချဲ့ဖော်ထုတ်ခြင်း၊ မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးခြင်း၊ သဘာဝနှင့် ဓာတ်မြေဩဇာများ ရောစပ်အသုံးပြုခြင်းတို့ဖြင့် အထွက်နှုန်း တိုးတက်ကောင်းမွန်သည်ထက် ကောင်းမွန်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားတောင်သူများအနေဖြင့် အထွက်ကောင်းစပါးမျိုးများကို ရွေးချယ်ပြီး နည်းစနစ်ကောင်းများကို စံနမူနာယူ၍ အထွက်နှုန်းတိုးတက်မြင့်မားလာစေရန် ကြိုးပမ်း စိုက်ပျိုးသွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ် (၆၅၄/၆၆၆) မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေး ဘဏ်လီမိတက်က လှူဒါန်းသော အလှူငွေကျပ် သိန်း၃၀ကို မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ ပေးအပ်လှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ် အေးဘယ်လ် (ငြိမ်း) လက်ခံယူစဉ်။ (က-ပ)

တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်သူများနှင့် ကျွမ်းကျင်ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

၂၀၀၆-၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများနှင့် တည်ဆောက်ပြုပြင်ရေး လုပ်ငန်းများတွင် ဆောင်ရွက်ခဲ့ကြသော ကျွမ်းကျင်ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၃ရက်က ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနဝင်းအတွင်းရှိ အောင်မင်္ဂလာခန်းမ၌ ကျင်းပသည်။

ချီးမြှင့်ပေးအပ်

အခမ်းအနားတွင် တစ်နိုင်ငံလုံးရှိ အကျဉ်းထောင်၊ အလုပ်စခန်းအသီးသီးတို့မှ ၂၀၀၆-၂၀၀၇ ခုနှစ်တက္ကသိုလ်ဝင် စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော ခြောက်ဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင်နှစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင်နှစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင်နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ ရိုးရိုးအောင်မြင်သူ ၈၉ဦး စုစုပေါင်း ၁၀၄ ဦးတို့အား လည်းကောင်း၊ ရေသန့်စက်ရုံ၊ ရေလှောင်းမိလ္လာနှင့် တည်ဆောက်ပြုပြင်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသော အင်ဂျင်နီယာငါးဦး၊ ကျွမ်းကျင်ဝန်ထမ်း ၂၃ဦးနှင့် ရဲဘက် ၇၆ ဦး တို့အား လည်းကောင်း အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌ ဒေါ်နွယ်နီစမ်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး၊ ညွှန်ကြားရေးမှူးများက ဆုငွေကျပ်သိန်း ၅၀ကျော် ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၂၃) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၀

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၂၃)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

အဆိုပါ မဂ္ဂဇင်းတွင်မောင်ဥညြ၊ တက္ကသိုလ်ရည်ရွှယ်၊ သတိုးနွယ်၊ အောင်ထွန်းလင်း(ချောက်)၊ ခြိမ့်နိုင်၊ မြေလတ်မောင်မြင့်သူ၊ နှင်းသစ္စာကျော်(ပညာလေ့ကျင့်)၊ ဝတီအေးသန်းတို့၏ကဗျာများ၊ စောမုံညင်း၊ တက္ကသိုလ်တင်ခ၊ ချစ်နိုင်(စိတ်ပညာ)၊ မင်းယုဝေ၊ တက္ကသိုလ်သခံ၊ မောင်ပညာကျော်၊ မောင်ကွန်ပျူတာ၊ သိပ္ပံစိုးမြင့်နိုင်၊ ဦးကျော်(ပြည်ထဲရေး)၊နီငြိမ်း(အညာတက္ကသိုလ်)၊ မြင့်မား(ရန်ကုန်တက္ကသိုလ်)၊ ညွန့်ဟံ(ကြူတော)၊ စိုင်းခမ်းကော်(မိုင်းရယ်)၊ ရွှေဘိုဘာမထိ ခင်အောင်၊ ခင်ဇ(စက်မှု)၊ ဆင်ဖြူကျွန်းမြင့်သိန်းတို့၏ သုတဆောင်းပါးများ၊ တက္ကသိုလ်လုကြွယ်၊ လေးဝတီကျော်တို့၏ ဘာသာပြန် ဆောင်းပါးများ၊ မောင်စိန်နိုင်(ဓာတုဗေဒ)နှင့် ကြည်လင်း(ဆေး)တို့၏ ကျန်းမာရေးဆောင်းပါးကဏ္ဍ၊ စန်းနီလာဝင်း၊ နန္ဒာမိုးကြယ်၊ ဆင်ဖြူကျွန်းအောင်သိန်း၊ အောင်စိုး (တိ/ကုဆရာဝန်)အမျိုးသားစာပေဆုရ၊ စိမ်းမြရည် (ပြန်/ဆက်)၊ ကေတုနီလာ၊ နေမျိုးသန့်၊ ရဲတင့်(အမေ့ရွာ-တောင်တွင်းကြီး)၊ ဂီတစာဆိုမောင်မျိုးသူ၊ အိဿျှ(တိုင်းရင်းဆေး)၊ ဝင်းမြအောင်(မြိတ်)၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)တို့၏ ရသဝတ္ထုတိုများ၊ မောင်စိန်တင်၏ ဂန္ထဝင်စာပေကဏ္ဍ၊ ဗိုလ်လောင်း လွင်ဘိုဘိုအောင်(တပ်မတော် ဆေးတက္ကသိုလ်)၏ ဝတ္ထုရှည်ကဏ္ဍ၊ မောင်မောင်စန်း(ရန်ကုန်တက္ကသိုလ်)၊ ဦးခင်မောင်မြ(B.A.,B.L)တို့၏ အင်္ဂလိပ် ဆောင်းပါးကဏ္ဍ၊ တင်အောင်နီ၊ ရွှေမင်းသား၊ သစ်ထွဏ်း၊ ငွေကြည်၊ မြေဇာ၊ မောင်မောင်ညှပ်တို့၏ ကာတွန်းကဏ္ဍများနှင့် ဟာသကဏ္ဍများ စုံလင်စွာ ဖော်ပြပါရှိသည်။ စာမူများပေးပို့လိုပါက စာတည်းမှူးချုပ် မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၄၄၅/၄၅၇) တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

မြဝတီ ရုပ်မြင်သံကြား

၂၁-၇-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၁၅	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၂၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၂၅	၅။	ကျန်းမာသုတ
၁၂း၃၀	၆။	ရုပ်မြင်သံကြားဇာတ်လမ်း **ပဥ္စလက်ရင်ခွင်** **ဒွေး၊ ထက်ထက်မိုးဦး မင်းဦး၊ လှအဥ္စလီတင့်** (ဒါရိုက်တာ-မလိခစိုးထိုက်အောင်)
၁၃း၅၀	၇။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၄း၃၅	၄။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅း၃၅	၅။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၆။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၇။	နိုင်ငံတကာသတင်း
၆း၃၀	၈။	အမျိုးသားရေးတေးကဗျာ
၆း၄၀	၉။	လျှပ်တစ်ပြက်
၆း၄၅	၁၀။	အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀	၁၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဲပေါင်မုန့်** (အပိုင်း-၁၃)
၈း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၃။	မိုးလေဝသသတင်း
	၁၄။	အမျိုးသားရေးတေးကဗျာ
	၁၅။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သေကာံမရောက်** (အပိုင်း-၈)

ရိုးရာပန်းပညာရှင်များ အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ခေတ်ပြိုင်ပန်းချီဆွေးနွေးပွဲတက်ရန် ထိုင်းသို့ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးသန့်စင်(ခ)ပန်းချီလှတင်ထွန်းသည် ထိုင်းနိုင်ငံ ချင်းမိုင်တက္ကသိုလ် ပန်းချီအနုပညာမဟာဌာနက ဇူလိုင်၁၉ ရက်တွင် ကျင်းပသည့် မဲခေါင်ဒေသငါးနိုင်ငံ နိုင်ငံတကာ ခေတ်ပြိုင်ပန်းချီပညာ ဆွေးနွေးပွဲသို့ တက်ရောက်၍ ခေတ်ပြိုင်မြန်မာပန်းချီ စာတမ်းဖတ်ကြားရန် ယမန်နေ့နံနက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးသောင်းဟန်၊ ဒုတိယဥက္ကဋ္ဌ ဦးစောလှိုင်၊ အတွင်းရေးမှူးဦးကြည်ဝင်း (တူဒေး)နှင့် တာဝန်ရှိသူများ **(ဝဲပုံ)**က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(က-ပ)**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီ၊ မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှရွေးချယ်ခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာန အသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ(KNDP) (နဂါး) အဖွဲ့၊ ကရင်နီ အမျိုးသားတိုးတက်ရေး ပါတီ(KNPP)(ခွဲထွက်) (ဟိုယာ)၊ ကရင်နီအမျိုးသား စည်းလုံးညီညွတ်ရေး ပါတီ(ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး (DKBA)၊ ဟောင်သရော အထူးဒေသ အဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေး မြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်ပြည်နယ်အဖွဲ့)၊ရခိုင်တပ်မတော်(AA) အဖွဲ့၊ ဟိုမိန်းဒေသ ဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး(MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့(ချောင်ချိဒေသ) နှင့် မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့အပြင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများအဖွဲ့ နာယက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူး Sr.Col. Le Van Thanh ဦးဆောင်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့မှ စစ်သံမှူးများနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ဒုတိယစစ်သံမှူးတို့သည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပပုံများကို တက်ရောက်လေ့လာကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွှန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမကျင်းပမီ နံနက် ၈နာရီ ၄၅ မိနစ်တွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌဦးအောင်တိုးနှင့်လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွှန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပပုံများကိုတက်ရောက်လေ့လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီမှ ဦးမျိုးသန့်(မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖီးလစ် (ခေါ်) ဦးဖီးလစ်ဆမ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်ကြီး၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကံညွန့်၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးတင်ခနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဒေါက်တာမနန်တူးဂျာတို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး)ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၇၁ ဦးရှိပြီး ညီလာခံကိုယ်စားလှယ် ၁၀၅၈ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၇၉ ရာခိုင်နှုန်းရှိ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များ အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့က အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ကောက်နုတ်စုစည်း တင်ပြကြရာ ရှေးဦးစွာ အလှည့်ကျ သဘာပတိအဖွဲ့ဝင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီမှ ဦးမျိုးသန့်(မောင်ဆုရှင်)က ရွေးကောက်တင်မြှောက်ခြင်းအခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၉နာရီ ၃၅ မိနစ်တွင် ခေတ္တရပ်နားသည်။

ဆက်လက်၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၉နာရီ ၅၅ မိနစ်တွင် ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေးအလှည့်ကျ သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ်က ရွေးကောက် တင်မြှောက်ခြင်းအခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ် စုစည်းချက်များကိုလည်းကောင်း၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်ကြီးနှင့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်တို့က နိုင်ငံရေးပါတီများအခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ် စုစည်းချက်များကိုလည်းကောင်း အသီးသီး ဆက်လက်ဖတ်ကြားတင်ပြကြသည်။

(ရွေးကောက် တင်မြှောက်ခြင်း အခန်းနှင့်စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို သီးခြား ဖော်ပြထားပါသည်။)

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ခေတ္တရပ်နားသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီတွင် ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသည့် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကံညွန့်၊ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဝင်းထွန်းနှင့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာ မောင်မောင်ဝင့်တို့က အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းနှင့်စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို အသီးသီး ဆက်လက် ဖတ်ကြားတင်ပြကြသည်။

(နိုင်ငံရေးပါတီများ အခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့နှင့် စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို ဆက်လက် ဖော်ပြသွားပါမည်။)

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဇူလိုင် ၂၃ ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများ တက်ရောက် လေ့လာကြည့်ရှုကြစဉ်။ (သတင်းစဉ်)

နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့်ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်း ရွေးကောက်ပွဲတစ်ရပ်၌ မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာပေးပိုင်ခွင့်ရှိ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများနှင့်စပ်လျဉ်း၍ အလုပ်ကျသဘာပတိအဖွဲ့ဝင်များ၏ ဖတ်ကြားတင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၆ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့နဲ့ ၃၁ ရက်နေ့များတွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးများမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနဲ့ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့် မူများနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်များကို ဖက်ကြားတင်ပြခဲ့ပါတယ်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက်များနဲ့ စပ်လျဉ်းပြီး အစုအဖွဲ့များမှ ညီလာခံကိုယ်စားလှယ်များက မိမိတို့အစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်းကာ အကြံပြုချက်စာတမ်းများကိုပြုစုပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ ဖတ်ကြားတင်ပြခဲ့ကြပြီးဖြစ်ပါတယ်။

၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့မှ ဒီဇင်ဘာလ ၇ ရက်နေ့အထိ ကျင်းပပြီးစီးခဲ့တဲ့ စုံညီအစည်းအဝေးများမှာ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် တင်ပြခဲ့ကြတဲ့ အကြံပြုချက် စာတမ်းများဟာဆိုရင်–

(က)	နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့က	(၈)စောင်
(ခ)	ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က	(၄)စောင်
(ဂ)	တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က	(၁)စောင်
(ဃ)	တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့က	(၁)စောင်
(င)	အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က	(၁)စောင်
(စ)	အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့က	(၁)စောင်
(ဆ)	နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က	(၁)စောင်
(ဇ)	အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က	(၁)စောင်

စုစုပေါင်း ၁၈ စောင်ဖြစ်ပါတယ်။

အဲဒီအကြံပြုချက် စာတမ်းတွေကိုလည်း အမျိုးသားညီလာခံ စုံညီအစည်းအဝေးကြီးမှာ အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်အချို့တို့က ဖတ်ကြားတင်ပြခဲ့ကြတဲ့အတွက် ညီလာခံကိုယ်စားလှယ်များအားလုံး ကြားသိကြပြီးဖြစ်ပါတယ်။ အဲဒီ အကြံပြုချက်စာတမ်းများပါ အကြံပြုတင်ပြချက်များအပေါ် အမျိုးသားညီလာခံ စုံညီသဘာပတိအဖွဲ့ရဲ့ ကောက်နုတ်စုစည်းချက်များကို တင်ပြသွားမှာဖြစ်ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၆ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံက အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ရာမှာ စနစ်တကျရှိစေဖို့ အခန်းခေါင်းစဉ် (၁၅)ခုကို ဦးစွာသတ်မှတ်ပေးခဲ့ပါတယ်။ အဲဒီလို သတ်မှတ်ထားတဲ့ အခန်းခေါင်းစဉ် (၁၅)ခုမှာ ရွေးကောက်တင်မြှောက်ခြင်း အခန်းခေါင်းစဉ်တစ်ခုပါရှိရာ အဲဒီအခန်းနဲ့စပ်လျဉ်းတဲ့ အခြေခံရမယ့်မူများကို အောက်ပါအတိုင်း ချမှတ်ထားရှိပါတယ်–

(က) နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရရှိမည်။

(ခ) ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

အထက်ပါ အခြေခံရမယ့်မူများမှာ ကျယ်ပြန့်တဲ့သဘောရှိတဲ့အတွက် အဲဒီအခြေခံရမယ့် မူများအပေါ်မူတည်ပြီး ရွေးကောက်တင်မြှောက်ခြင်းနဲ့ စပ်လျဉ်းတဲ့ အသေးစိတ်အခြေခံရမယ့် မူများကို အမျိုးသားညီလာခံက ဆက်လက်ချမှတ်ပေးဖို့ လိုအပ်လျက်ရှိနေပါတယ်။

အမျိုးသားညီလာခံက ရွေးကောက်တင်မြှောက်ခြင်းနဲ့ စပ်လျဉ်းတဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ပေးထားမှသာ နောင်တွင်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနဲ့ ယင်းတို့အပေါ်မှီး၍ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရာမှာ တိကျစွာ လိုက်နာဆောင်ရွက်နိုင်ကြမှာဖြစ်ပါတယ်"လို့ ရှင်းလင်းပြောကြားခဲ့ပါတယ်။

အလုပ်ကျသဘာပတိ အဖွဲ့ဝင် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီမှ ဦးမျိုးသန့် (မောင်ဆုရှင်) ရွေးကောက် တင်မြှောက်ခြင်း အခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ဆက်လက်ပြီးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"ကျွန်တော်တင်ပြခဲ့တဲ့ လေ့လာတွေ့ရှိချက်များနဲ့ သုံးသပ်ချက်များအပေါ် အခြေပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်တင်မြှောက်ခြင်းအခန်းနဲ့ စပ်လျဉ်းလို့ ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို စုစည်းလျက် အောက်ပါအတိုင်းတင်ပြအပ်ပါတယ်–

၁။ လွှတ်တော်များသို့ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာတွင်–

(က) ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့ရက်၌ အသက်(၁၈)နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်း ပျက်ယွင်းသူမဟုတ်သည့် အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ရွေးကောက်ပွဲတစ်ရပ်၌ မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးပိုင်ခွင့်ရှိသည်။

(ဂ) ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာ တိုင်းရင်းသားများသည် မိမိတို့၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ဃ) လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ကို ကျင့်သုံးရမည်။

၂။ အောက်ပါပုဂ္ဂိုလ်များသည် ဆန္ဒမဲပေးပိုင်ခွင့် မရှိစေရ–

(က) သာသနာ့ဝန်ထမ်းများ၊

(ခ) ထောင်ဒဏ်ကျခံနေရသူများ၊

(ဂ) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူများ၊

(ဃ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူများ၊

(င) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်း ခံရသူများ။

၃။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲတစ်ရပ်တွင်–

(က) လွှတ်တော်တစ်ရပ်အတွက်သာ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်၊

(ခ) မဲဆန္ဒနယ်တစ်နယ်တွင်သာ ရွေးကောက်တင်မြှောက်ခံရန် ယှဉ်ပြိုင်ခွင့်ရှိသည်။

၄။ (က) ပြည်ထောင်စုနယ်မြေ သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ထားသော ပြည်ထောင်စုနယ်မြေများအတွင်း မှီတင်းနေထိုင်ကြသော မဲဆန္ဒရှင်များသည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုသာ ရွေးကောက်တင်မြှောက်ခွင့်ရှိသည်၊

(ခ) ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်လိုက်သော နယ်မြေတစ်ခုခုမှ ရွေးကောက်တင်မြှောက်ထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်သည် ဥပဒေတွင် သီးခြားခွင့်ပြုထားခြင်းမရှိလျှင် ယင်းလွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရ။

၅။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များ အရသော်လည်းကောင်း အရည်အချင်းပျက်ယွင်းသူ မဟုတ်ပါက နိုင်ငံသားတိုင်းသည် လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

၆။ (က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်–

(၁) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊

(၄) ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်၏ အရည်အချင်း ပျက်ယွင်းခြင်း၊

(၅) ပေးအပ်သောတာဝန်ဝတ္တရားများကို ကျေပွန်စွာ မထမ်းဆောင်ခြင်း။

(ခ) သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က တာဝန်မှပြန်လည် ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့် ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်။

(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရမည်။

(ဃ) စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသည့်အခါ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ချေပခွင့်ပေးရမည်။

(င) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထိုစွပ်စွဲချက်သည် မှန်ကန်ပြီး စွပ်စွဲခံရသူသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်းသဘောရရှိလျှင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၇။ ပြည်ထောင်စုလွှတ်တော်သည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍လည်းကောင်း၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍လည်းကောင်း လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းရမည်။

၈။ (က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းရမည်၊ ယင်းသို့ဖွဲ့စည်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီး ခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် အနည်းဆုံး ငါးဦးကို ခန့်အပ် တာဝန်ပေးနိုင်သည်။

(ခ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည်–

(၁) အသက်(၅၀)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်၊

(၂) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။

(၃) (ကက) ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးအဖြစ်ဖြစ်စေ၊ အလားတူ ရာထူးတာဝန်တစ်ခုခုတွင်ဖြစ်စေ အနည်းဆုံး ငါးနှစ် ဆောင်ရွက်ခဲ့သူဖြစ်ရမည်၊ သို့မဟုတ်

(ခခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက်မနိမ့်သော တရားရေးဝန်ထမ်း သို့မဟုတ် ဥပဒေဝန်ထမ်းရာထူးတွင် အနည်းဆုံး (၁၀) နှစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ရမည်၊ သို့မဟုတ်

(ဂဂ) တရားလွှတ်တော်ရှေ့နေ(Advocate) အဖြစ် အနည်းဆုံး နှစ်(၂၀) အမှုလိုက်ပါဆောင်ရွက်ခဲ့သူဖြစ်ရမည်၊ သို့မဟုတ်

(ဃဃ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူဖြစ်ရမည်။

(၄) သိက္ခာ သမာဓိနှင့်ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူဖြစ်ရမည်၊

(၅) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိစေသော ပြဋ္ဌာန်းချက်များနှင့်လည်း သက်ဆိုင်စေရမည်၊

(၆) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ရမည်၊

(၇) နိုင်ငံရေးပါတီဝင် မဟုတ်သူဖြစ်ရမည်၊

(၈) လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူဖြစ်ရမည်၊

(၉) လစာ၊ စရိတ်၊ ကြေးငွေရသော အခြားမည်သည့် ရာထူးကိုမျှ လက်ခံခြင်းမပြုသူဖြစ်ရမည်။

စာမျက်နှာ ၅ ကော်လံ ၁

စာမျက်နှာ ၄ မှ

၉။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) လွှတ်တော်ရွေးကောက်ပွဲများကျင်းပခြင်း၊

(ခ) လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းခြင်း၊ ကြီးကြပ်စေခြင်း၊

(ဂ) မဲဆန္ဒနယ်များသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊

(ဃ) မဲစာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရသော်လည်းကောင်း လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်း၊

(စ) ရွေးကောက်ပွဲဆိုင်ရာ သို့မဟုတ် နိုင်ငံရေးပါတီများဆိုင်ရာ နည်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီလည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်စသည်များကို သက်ဆိုင်ရာဥပဒေများနှင့်အညီလည်းကောင်း ထုတ်ပြန်ခြင်း၊

(ဆ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို စစ်ဆေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲခုံအဖွဲ့များဖွဲ့စည်းခြင်း၊

(ဇ) ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ခြင်း။

၁၀။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးအပေါ် စွပ်စွဲပြစ်တင်လိုပါက ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးကို စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ (က) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် ရာထူးတာဝန်ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

(ခ) ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်း တစ်ခုခုကြောင့်ဖြစ်စေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်နေရာလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီးခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအသစ် သို့မဟုတ် အဖွဲ့ဝင်အသစ်အား ခန့်အပ်တာဝန်ပေးနိုင်သည်။

(ဂ) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၂။ အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်သည် အပြီးအပြတ်အတည် ဖြစ်စေရမည်–

(က) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ၊

(ခ) ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် စပ်လျဉ်းသည့် အယူခံမှုများ၊ ပြင်ဆင်မှုများ၊

(ဂ) နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရ ဆောင်ရွက်သောကိစ္စရပ်များ။

၁၃။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်။

၁၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေဖြင့်ပြဋ္ဌာန်းသည့်အခါ မှိုင်ငြိမ်းပြုနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်၊ ကော်မရှင်အဖွဲ့ဝင်ကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သည်”

လို့လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားသွားခဲ့ပါတယ်။

ဒါ့အပြင် ဆက်လက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

“ယခုဆိုရင် ရွေးကောက်တင်မြှောက်ခြင်းအခန်းနဲ့ စပ်လျဉ်းတဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ရန် သင့်၊ မသင့်နဲ့ အခြားကောင်းမွန်တဲ့ အကြံပြုချက်များ ရှိရင်လည်း အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများက ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်။ ဒါ့အပြင် ရွေးကောက်တင်မြှောက်ခြင်း အခန်းနဲ့ ဆက်နွှယ်လျက်ရှိတဲ့ အချက်အချို့ကို ဆက်လက်ပြီးတင်ပြလိုပါတယ်။ ၁၉၉၆ ခုနှစ် မတ်လ ၂၈၊ ၂၉ နဲ့ ၃၀ ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးက ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်အခါက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ အရည်အချင်းများနဲ့ စပ်လျဉ်းတဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ပေးခဲ့ပါတယ်။

နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ(၃)ရပ်ဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့တရားစီရင်ရေးအနက် ဥပဒေပြုရေးအခန်းကဏ္ဍမှာ ပါဝင်ဆောင်ရွက်ကြမယ့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များဟာ နိုင်ငံတော်အတွက် ဥပဒေပြုရာမှာ အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါရှိမှာဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်ရဲ့နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသားများအရေးအရာများကို အဆက်မပြတ် သိရှိနေဖို့ လိုအပ်ပါတယ်။ ဒါမှသာ ဥပဒေပြုရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာ ထိရောက်မှုရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံရသည့်အချိန်နှင့် တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး ၁၀ နှစ် အခြေချနေထိုင်ခဲ့သူဖြစ်ရမည်လို့ အသေးစိတ်အခြေခံရမယ့်မူကို အမျိုးသားညီလာခံက ချမှတ်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ အဲဒီလို အသေးစိတ်အခြေခံရမယ့်မူ ချမှတ်စဉ်က နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့သွားရောက် တာဝန်ထမ်းဆောင်သူများ၊ အလုပ်လုပ်ကိုင်သူများနှင့် ကိုယ်ရေးကိုယ်တာကိစ္စဖြင့် နိုင်ငံခြားသို့ သွားရောက်သူများရဲ့ နိုင်ငံခြားမှာနေထိုင်ခဲ့တဲ့ကာလကို ရှင်းလင်းထားခြင်းမရှိပါက နောင်တစ်ချိန်တွင် အငြင်းပွားမှုများ ဖြစ်ပွားနိုင်ဖွယ်ရာရှိပါတယ်။ ယခုအခါ နိုင်ငံတော်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိတာကြောင့် နိုင်ငံသားအတော်များများဟာ နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ သွားရောက်တာဝန်ထမ်းဆောင်ခြင်း၊ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ကိုယ်ရေးကိုယ်တာကိစ္စဖြင့် သွားရောက်ခြင်းများ ရှိနေပါတယ်။ အဲဒီပုဂ္ဂိုလ်တွေရဲ့ နိုင်ငံခြားမှာနေထိုင်တဲ့ကာလကိုလဲ နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့်ကာလအဖြစ် သတ်မှတ်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့်–

“ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် အချိန်နှင့်တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး (၁၀)နှစ် အခြေချနေထိုင်ခဲ့သူ”

ဟု ချမှတ်ပေးထားတဲ့ အသေးစိတ်အခြေခံရမယ့်မူအောက်တွင် ခြွင်းချက်အဖြစ်–

အလှည့်ကျသဘာပတိ အဖွဲ့ဝင် နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစောဖီးလစ် (ခေါ်)ဦးဖီးလစ်ဆမ် ရွေး ကောက် တင်မြှောက်ခြင်း အခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက အကြံပြုတင်ပြသွားတာကို တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

“ပြည်ထောင်စု ပအိုဝ်းအမျိုးသားကိုယ်စားပြု ညီလာခံကိုယ်စားလှယ်များအနေနဲ့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးရှင်းလင်းတဲ့ ရွေးကောက်တင်မြှောက်ခြင်း အခန်းအတွက် စုစည်းချက် အမှတ်စဉ်(၁)မှ (၁၄)အထိကို အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီက–

“နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် ရွေးကောက်တင်မြှောက်ခြင်း အခန်းနှင့်ပတ်သက်၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားခဲ့တဲ့ အချက်(၁၅)ချက်ကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့က–

“အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်း အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို စုစည်းလျက် အမှတ်စဉ်(၁)မှ အမှတ်စဉ်(၁၄)အထိကို ကိုယ်စားလှယ်များမှ အကြံပြုနိုင်ရန် ရှင်းလင်းပြောကြားခဲ့ပါတယ်။

အဲဒီ လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ စုစည်းရှင်းလင်း ပြောကြားချက်များဟာ ပြည့်စုံဆီလျော်မှုရှိသည်ကို တွေ့ရှိရတဲ့အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“၂၀၀၆ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် ကျင်းပခဲ့သော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့် ရွေးကောက်တင်မြှောက်ခြင်း အခန်းအတွက် အသေးစိတ် အခြေခံရမည့်မူများနဲ့စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့သော်လည်းကောင်း၊

ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာမဲဆန္ဒရှင်များက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှရုပ်သိမ်းခွင့်ရှိ

“နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ တရားဝင်သွားရောက်သည့် ကာလများကိုလည်း နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့်ကာလအဖြစ် ထည့်သွင်းရေတွက်ရမည်”

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်ဖို့ သင့်၊ မသင့် အကြံပြုကြဖို့ဖြစ်ပါတယ်”လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီရှင်းလင်းချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီရှစ်ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက–

“ရွေးကောက်တင်မြှောက်ခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမယ့်မူများသည် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်လာစေရေးအတွက် အမှန်တကယ်လိုအပ်ချက်များဖြစ်ပါတယ်။ သို့ဖြစ်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြခဲ့သည့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ အသေးစိတ်အခြေခံရမယ့်မူများသည် လျော်ကန် သင့်မြတ်မှုရှိကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

စုစည်းတင်ပြချက် အပိုဒ် ၇ နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက “ရွေးကောက်တင်မြှောက်ခြင်းနဲ့ စပ်လျဉ်းလို့တင်ပြရလျှင် ယခုအခါ မိမိတို့ကျင့်သုံးလျက်ရှိတဲ့ မဲဆန္ဒနယ်တစ်နယ်စီမှ ကိုယ်စားလှယ်တစ်ဦးကျစီ ရွေးကောက်တင်မြှောက်တဲ့စနစ်အစား ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ရွေးကောက်တင်မြှောက်နိုင်သော မဲဆန္ဒနယ်ကို ကျယ်ကျယ်ပြန့်ပြန့်သတ်မှတ်ပြီး ရရှိသည့်ထောက်ခံမဲအပေါ်မူတည်၍ ရွေးကောက်ခံရသည့်ကိုယ်စားလှယ်များကို အချိုးကျသတ်မှတ်ပေးတဲ့စနစ်ကို နိုင်ငံအတော်များများက သုံးစွဲလာကြတာကို လေ့လာတွေ့ရှိရပါတယ်။ ယင်းသို့ တိုးတက်လာတဲ့အခြေအနေမျိုးကို လေ့လာပြီး ပြည်ထောင်စုလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်နဲ့အညီ လိုအပ်တဲ့ဥပဒေများကို ပြဋ္ဌာန်းပေးဖို့ဖြစ်ပါတယ်”ဟူ၍ ရှင်းလင်းပြောကြားခဲ့ပါတယ်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ လက်လှမ်းမီသမျှ လေ့လာရာတွင် ပါတီစုံအထွေထွေရွေးကောက်ပွဲစနစ်ကို ကျင့်သုံးသည့်နိုင်ငံပေါင်း ၁၂၀ ခန့်အနက် နိုင်ငံ ၇၀ ကျော်တွင် ထောက်ခံဆန္ဒမဲရရှိမှုအပေါ်မူတည်၍ အချိုးကျ ကိုယ်စားလှယ်သတ်မှတ်ပေးသည့်စနစ်ကို ကျင့်သုံးလျက်ရှိကြကြောင်း လေ့လာတွေ့ရှိရပါတယ်။ အဆိုပါစနစ်မှာ မဲဆန္ဒရှင်များ၏ဆန္ဒကိုအခြေခံလျက် ပြည်သူများအား စစ်မှန်စွာ ကိုယ်စားပြုနိုင်သည့် ကိုယ်စားလှယ်များကို ရရှိစေပါတယ်။ ထို့ပြင်မက ယင်းစနစ်ကို ကျင့်သုံးခြင်းဖြင့် မဲဆန္ဒရှင်များ၏ ဆန္ဒမဲများမှာ အဟောသိကံမဖြစ်ဘဲ မဲတိုင်းသည် တန်ဖိုးရှိလာခြင်း၊ နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ အံဝင်ခွင်ကျရှိမည့် လူတော်လူကောင်းများကို ရရှိနိုင်ခြင်း၊ ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်သည့် ပါတီများမှ ကိုယ်စားလှယ်များ မျှတစွာရရှိနိုင်မည့် အခွင့်အလမ်းများ ပိုမိုလာခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ရာ နိုင်ငံတော်၏ လိုအပ်ချက်နှင့် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒသဘောထားများကို ထင်ဟပ်လျက် မဲဆန္ဒရှင်များကို မှန်ကန်စွာ ကိုယ်စားပြုနိုင်မည့် ကမ္ဘာ့နိုင်ငံအများအပြား၌ ကျင့်သုံးလျက်ရှိသည့် ဆန္ဒမဲရရှိမှုအပေါ် မူတည်၍ အချိုးကျ ကိုယ်စားလှယ် သတ်မှတ်ပေးသည့်စနစ်ကို လာမည့်ရွေးကောက်ပွဲမှစ၍ ကျင့်သုံးနိုင်ရေးအတွက် ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်လို့

ယင်းတို့ ကျင့်သုံးခဲ့သော လုပ်ငန်းဆောင်ရွက်ချက်များနဲ့ ဆက်စပ်ဆက်နွှယ်မှုရှိသည့်အတွက်သော်လည်းကောင်း၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း မိမိတို့ နိုင်ငံအခြေအနေနှင့် လိုက်လျောညီထွေမှုရှိမှာ ဖြစ်သည့်အတွက် စုစည်းသုံးသပ်တင်ပြထားသည့် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း”ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်က–

“လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်များအပေါ် ခြုံငုံလေ့လာတဲ့အခါမှာ–

- လွှတ်တော်များသို့ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာမှာ ဥပဒေနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၊ ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများ၊ ဆန္ဒမဲပေးပုံစနစ်၊
- လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲတစ်ရပ်တွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်၊ ယှဉ်ပြိုင်ခွင့်၊ တာဝန်မှပြန်လည် ရုပ်သိမ်းခြင်းနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များ၊
- ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ယင်းကော်မရှင်ရဲ့ တာဝန်များ၊ ရှိအပ်တဲ့အရည်အချင်းများသတ်မှတ်ခြင်းနဲ့ စပ်လျဉ်းတဲ့ကိစ္စရပ်များ၊
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ ပုဂ္ဂိုလ်တစ်ဦးဦးအား စွပ်စွဲပြစ်တင်ခြင်းနဲ့စပ်လျဉ်းတဲ့ ကိစ္စရပ်များ၊
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ ပုဂ္ဂိုလ်တစ်ဦးဦး ရာထူးမှနုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခံရခြင်း၊ ကွယ်လွန်ခြင်းကြောင့် လစ်လပ်သောနေရာအတွက် ခန့်အပ်တာဝန်ပေးခြင်းနဲ့စပ်လျဉ်းတဲ့ကိစ္စရပ်များ၊
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ဆုံးဖြတ်ချက်များ၊ ဆောင်ရွက်ချက်များ၊ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ အဆင့်သတ်မှတ်ရေးနဲ့ စပ်လျဉ်းတဲ့ကိစ္စရပ်များ၊

စသည်တို့အပြင် ရွေးကောက်တင်မြှောက်ခြင်းအခန်းနှင့်စပ်လျဉ်းတဲ့ အခြားကိစ္စရပ်များကို ပြည့်စုံစွာရှင်းလင်းပြောကြားချက်များသည် နောင်ပေါ်ပေါက်လာမည့် နိုင်ငံတော်သစ်အတွက် နိုင်ငံတစ်ဝန်းလုံးမှာ လွှတ်တော်ရွေးကောက်ပွဲများကို လွတ်လပ်ပြီးတရားမျှတစွာ ကျင်းပပေးနိုင်မှာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာအခန်းနဲ့ စပ်လျဉ်းတဲ့ အသေးစိတ်အခြေခံသင့်တဲ့မူ(၁၄)ချက်ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း”ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက–

“နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခန်းလိုက် ခေါင်းစဉ်များအနက် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း (၃)ခန်းအတွက် ဆက်လက်ဆွေးနွေးအကြံပြုကြရမှာဖြစ်တဲ့အတွက် ဦးစွာရွေးကောက်တင်မြှောက်ခြင်းအခန်းဆိုင်ရာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို အလေးအနက်သုံးသပ်ပြီးနောက် အောက်ပါသဘောထားများရရှိပါတယ်–

စာမျက်နှာ ၆ ကော်လံ ၁

စာမျက်နှာ ၅ မှ

၁။ နိုင်ငံသားများ ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိခြင်းဆိုင်ရာ ဥပဒေသတ်မှတ်ချက်များပါရှိခြင်း၊
၂။ ဒီမိုကရေစီနည်းကျသော ရွေးကောက်တင်မြှောက်ခြင်းစနစ်ဖြစ်ခြင်း၊
၃။ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ၊
၄။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးသည် ကိုယ်စားလှယ်နှင့် သက်ဆိုင်သည့် အရည်အချင်းပျက်ယွင်းလျှင် တာဝန်များ ရုပ်သိမ်းခြင်းဆိုင်ရာ အခြေခံမူများ၊
၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းခြင်း၊ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များ ဖော်ပြပါရှိခြင်း၊

စသည့်အချက်အလက်များကို ပြည့်စုံစွာဖော်ပြပါရှိပြီးဖြစ်တဲ့အတွက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်များဟာ လက်ရှိဖော်ဆောင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် ဆီလျော်ကိုက်ညီမှုရှိကြောင်း သုံးသပ်ရရှိပါသဖြင့် ရွေးကောက်တင်မြှောက်ခြင်းအခန်းဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

(က) ရွေးကောက်တင်မြှောက်ခြင်းခံထားရသည့် လွှတ်တော်ကိုယ်စားလှယ်များမှ ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်သည့်အချိန်ကာလကိုလည်းကောင်း၊

(ခ) ရွေးကောက်ပွဲကော်မရှင်မှ အပြီးသတ်အစီရင်ခံစာ ထုတ်ပြန်ပေးရမည့် အချိန်ကာလကိုလည်းကောင်း တိတိကျကျထည့်သွင်းသတ်မှတ်နိုင်ရန် အတွက်စဉ်းစားသင့်ပါကြောင်း"

တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှူထန်ပါ သုံးဦးတို့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် ရွေးကောက်တင်မြှောက်ခြင်းအခန်းနဲ့ ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက် အချက်(၁၅)ချက်အပေါ် ထောက်ခံဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲတစ်ရပ်တွင် လွှတ်တော်တစ်ရပ်အတွက်သာ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိ

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရွေးကောက်တင်မြှောက်ခြင်းနဲ့စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမယ့်မူများစုစည်းချက် (၁၄)ချက်ဟာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာသော် လည်းကောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လက်လှမ်းမီသမျှသော အခြားနိုင်ငံများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာသော်လည်းကောင်း အသေးစိတ် စိစစ်လေ့လာသုံးသပ်ပြီး ရေးသားဖော်ပြထားတဲ့ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ မူများဖြစ်တဲ့အတွက် ပြည့်စုံလုံလောက်ပြီးဖြစ်ပါသဖြင့် အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ (၈)ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း (၄)စောင်အနက်–

- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်
- မြို (ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တို့ရဲ့ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းဆွေးနွေးတင်ပြချက်များအတိုင်းပင် သက်ဆိုင်ရာကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီ ကိုယ်စားလှယ်အစုအဖွဲ့မှာပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဒေါက်တာမှူထန်၊ ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ရွေးကောက်တင်မြှောက်ခြင်းအခန်းနှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များအပေါ် ထောက်ခံဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင်သီးခြားအကြံပြုချက်အနေနဲ့–

"ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနဲ့ပတ်သက်၍ အကြံပြုတင်ပြ ဆွေးနွေးလိုပါတယ်။ လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပပြီးစီးတဲ့အခါမှာ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ် တင်ပြခြင်းအပါအဝင် အခြားလုပ်ငန်းဆောင်ရွက်စရာများကို သတ်မှတ် ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ကြရပါတယ်။ ထို့အတူ ရွေးကောက်ပွဲကို တာဝန်ယူကြီးကြပ်ရတဲ့ အဖွဲ့အစည်းမှလည်း လွှတ်တော်ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး အပြီးသတ်အစီရင်ခံစာ ထုတ်ပြန်ပေးရကြောင်းကို လေ့လာသိရှိရပါတယ်။ ချမှတ်ထားပြီးတဲ့ အခြေခံမူများတွင် လွှတ်တော်အစည်းအဝေးများနှင့် ပတ်သက်၍–

"ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ်စတင်သော ပထမအကြိမ် ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပသည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကျင်းပရမည်"ဟု လည်းကောင်း၊

"အမျိုးသားလွှတ်တော်၏ သက်တမ်းစတင်သည့်နေ့ရက်သည် ပြည်သူ့လွှတ်တော်၏ သက်တမ်းစတင်သောနေ့ရက်ဖြစ်သည်"ဟုလည်းကောင်း၊

"အမျိုးသားလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ယင်းလွှတ်တော်၏ သက်တမ်းစတင်သည့်နေ့မှ ခုနစ်ရက်အတွင်းကျင်းပရမည်"ဟု လည်းကောင်း ပါရှိပြီးဖြစ်ရာ လွှတ်တော်များ၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို သတ်မှတ်ပြဋ္ဌာန်းချက်နဲ့အညီ ကျင်းပပြုလုပ်နိုင်ရန်အတွက် အပြီးသတ်အစီရင်ခံစာကို အချိန်မီထုတ်ပြန်ပေးရန် လိုအပ်မည်ဟု ထင်မြင်ယူဆမိပါတယ်။ အပြီးသတ်အစီရင်ခံစာ ထုတ်ပြန်ပေးနိုင်ရေးအတွက် ရွေးကောက်တင်မြှောက်ခံထားရသည့် လွှတ်တော်ကိုယ်စားလှယ်များမှလည်း မိမိတို့နှင့်သက်ဆိုင်သည့် ဆောင်ရွက်စရာရှိသည့် လုပ်ငန်းများကို အချိန်မီဆောင်ရွက်ကြရန် လိုအပ်မှာဖြစ်ပါတယ်။ အပြီးသတ်အစီရင်ခံစာကြောင့် လွှတ်တော်အစည်းအဝေးများကို ရက်ရွှေ့ဆိုင်းကျင်းပရခြင်းမျိုး မဖြစ်စေသင့်ပါ။ သို့ဖြစ်ပါ၍ နောင်အနာဂတ်နိုင်ငံတော်သစ်တွင် ပြည်ထောင်စုလွှတ်တော်မှ ရွေးကောက်ပွဲများနှင့်စပ်လျဉ်း၍ လိုအပ်တဲ့ဥပဒေများ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များ ထုတ်ပြန်သည့်အခါတွင်–

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

"ဒီမိုကရေစီနိုင်ငံများမှာ ပြည်သူတို့က ဆန္ဒမဲပေး ရွေးကောက်တင်မြှောက်ကြတယ်ဆိုရာမှာ မိမိတို့ကိုယ်စား အုပ်ချုပ်တဲ့အစိုးရတစ်ရပ် ပေါ်ပေါက်လာစေရန် မိမိတို့၏ အခွင့်အရေးနှင့် တာဝန်များကို အသုံးပြုနေကြခြင်းဖြစ်ပါတယ်။ လွတ်လပ်စွာမဲပေးရန်နှင့် ခြိမ်းခြောက်ခံရမည့် အခွင့်အလမ်းလျော့ပါးစေရန် မဲဆန္ဒရှင်တို့သည် လျှို့ဝှက်စွာ မဲဆန္ဒပေးပိုင်ခွင့်ရှိကြရပါမယ်။ နယ်စွန်နယ်ဖျားရှိ အချို့သော မဲဆန္ဒနယ်များတွင် မဲရုံများအလိုက် သီးခြားခွဲ၍ မဲပုံးများဖွင့်၍ ရေတွက်မှုပြုကြသဖြင့် သောင်းကျန်းသူတို့က မည်သူက မည်သူအား မဲပေးခဲ့သည်ကို တပ်အပ်မသိသော်လည်း မည်သည့်ကျေးရွာ၊ ရပ်ကွက်တို့က မည်သူ့ကို အနိုင်မဲများပေးခဲ့သည်လို့ သူတို့က မှန်းဆသိရှိနိုင်ကြပါတယ်။ ထို့ကြောင့် ၎င်းတို့က ခိုင်းစေသကဲ့သို့ မဲမပေးခဲ့သောကျေးရွာ၊ ရပ်ကွက်သားများကို မီးရှို့၊ ရိုက်နှက်၊ နှိပ်စက်ကလူပြုမှုမှုများ ရှိနိုင်ပါတယ်။ ဒါကြောင့် မဲရုံတစ်ရုံချင်းအလိုက် မဲရေတွက်ခြင်းမပြုဘဲ မဲဆန္ဒနယ်အလိုက် ရေတွက်ဖို့သင့်ပါကြောင်း" တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်ဦးတင်ဝင်းပါ ခြောက်ဦးတို့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့က–

"ရွေးကောက်တင်မြှောက်ခြင်းအခန်းနဲ့ စပ်လျဉ်းပြီး ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့် မူအချက် (၁၅)ချက်ဟာ ရွေးကောက်တင်မြှောက်ခြင်းအခန်းအတွက် အမှန်တကယ်လိုအပ်တာကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

"နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူ (၁၅)ချက်အား အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ ရွေးကောက်တင်မြှောက်ခြင်း အခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူ အမှတ်စဉ် (၁) မှ (၁၄) အထိနဲ့ ရွေးကောက်တင်မြှောက်ခြင်းအခန်းနဲ့ ဆက်နွယ်လျက်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ အရည်အချင်းသတ်မှတ်ချက်နဲ့ စပ်လျဉ်းပြီး ချမှတ်ပေးထားတဲ့ အသေးစိတ် အခြေခံရမယ့်မူအောက်တွင် ခြွင်းချက်အဖြစ် ချမှတ်သင့်တဲ့မူ (၁)ချက် အပါအဝင် စုစုပေါင်း (၁၅)ချက်ကို အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်နိုင်ရန် အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က ဆွေးနွေးတင်ပြအပ်ပါတယ်" လို့ ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့က–

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မယ့် ရွေးကောက်တင်မြှောက်ခြင်းအခန်းနဲ့ ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက် (၁၅)ချက်အပေါ် ထောက်ခံဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

"ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များက ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်များဟာ အလွန်အရေးပါပြီး ကြီးလေးလှတဲ့အတွက် ပေးအပ်တဲ့တာဝန်များကို ကျေပွန်စွာ မထမ်းဆောင်ခဲ့ရင် စွပ်စွဲပြစ်တင်ပြီး တာဝန်မှ ရုပ်စဲသင့်က ရုပ်စဲရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ၎င်းတို့အပေါ် စွပ်စွဲပြစ်တင်နိုင်ဖို့ အသေးစိတ်အခြေခံရမယ့်မူများကိုလည်း ပြည့်ပြည့်စုံစုံ ရှင်းရှင်းလင်းလင်းနှင့် ပိုမိုလေးနက်စေရန် လိုအပ်ချက်များနဲ့ အဲဒီလို စွပ်စွဲပြစ်တင်တဲ့အခါမှာ ဆောင်ရွက်ရမယ့် နည်းလမ်းတွေကို လိုအပ်မှာဖြစ်ကြောင်း မိမိတို့အစုအဖွဲ့အနေနဲ့ သဘောရရှိပါတယ်။

ဒါကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်ခြင်းနဲ့ စပ်လျဉ်းပြီး–

(က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးအား အောက်ပါအကြောင်း တစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်–
 (၁) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊
 (၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊
 (၃) အကျင့်သိက္ခာပျက်ပြားခြင်း၊
 (၄) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သက်ဆိုင်ရာပုဂ္ဂိုလ်အတွက် သတ်မှတ်ထားသည့် အရည်အချင်းပျက်ယွင်းခြင်း၊
 (၅) ပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်စွာ မထမ်းဆောင်ခြင်း။

(ခ) ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးကို စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်းသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းထားသည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း"အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က–

"ယခု ချမှတ်ကြမယ့် အခြေခံမူများဟာ နိုင်ငံတကာမှာ လက်တွေ့ကျင့်သုံးနေတဲ့ ကမ္ဘာသုံးမူများဖြစ်ပါတယ်။ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ရွေးကောက်တင်မြှောက်ခြင်းအခန်းအတွက် ဒီအခြေခံမူတွေရရှိရေးအတွက် နိုင်ငံတကာအတွေ့အကြုံများ၊ မြန်မာနိုင်ငံရဲ့ အတိတ်သမိုင်းအတွေ့အကြုံများကိုပါ စေ့စေ့စပ်စပ်စွာ လေ့လာဆန်းစစ်၊ သုံးသပ်ပြီး ဓမ္မဓိဋ္ဌာန်ကျကျ တင်ပြထားတဲ့အတွက် အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြထားတဲ့ အခြေခံမူများကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရွေးကောက်တင်မြှောက်ခြင်းအခန်းနဲ့ ပတ်သက်လို့ စုစည်းတင်ပြချက် (၁၄)ချက်အနက် အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဂ)ပါ ဖော်ပြချက်မှာ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(က)နဲ့(ခ)အရ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ လစ်လပ်သွားလို့ ဥက္ကဋ္ဌအသစ်နဲ့ အဖွဲ့ဝင်အသစ်များ ခန့်အပ်တဲ့ ကိစ္စနဲ့သာ သက်ဆိုင်သကဲ့သို့ အဓိပ္ပာယ်သက်ရောက်နေပါတယ်။ ယင်းအပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဂ)ပါ စာပိုဒ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တစ်ရပ် စတင်ဖွဲ့စည်းခန့်အပ်တဲ့ အပိုဒ်(၈)ရဲ့ အပိုဒ်ခွဲ(ဂ)အဖြစ် ဖော်ပြလျှင် ပိုမိုလျော်ကန်သင့်မြတ်မည် ဖြစ်ပါကြောင်း" နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက်များဟာ ကျိုးကြောင်းဆီလျော်မှုရှိပြီး အနာဂတ်နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒို့တာဝန်အရေး(၃)ပါးကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးတို့အတွက် အမျိုးသားညီလာခံရဲ့ ဦးတည်ချက် (၆)ရပ်နှင့်အညီ ရှင်းလင်းတင်ပြထားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှာပါဝင်တဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များက အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြချက်မှာပါဝင်တဲ့–

- ရွေးကောက်တင်မြှောက်ခြင်းအခန်းအတွက် အခြေခံမူ (၁၄)ချက်နှင့် ခြွင်းချက်အချက် (၁)ချက်
- နိုင်ငံရေးပါတီများအခန်းအတွက် အခြေခံမူ (၆)ချက်
- အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းအတွက်(၂၃)ချက်

တို့အား လေးလေးနက်နက်ထောက်ခံပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

"အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့အနေနဲ့ ရွေးကောက်တင်မြှောက်ခြင်းအခန်းအတွက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်မှာ မပါဝင်တဲ့ အောက်ပါအချက်နှစ်ချက်ကို သီးခြားအကြံပြုလိုပါတယ်။ အဲဒီအချက်တွေကတော့–

(က) နိုင်ငံအချို့မှာ ရွေးကောက်ပွဲတွင်လည်းကောင်း၊ လွှတ်တော်အစည်းအဝေးမဲဆန္ဒပေးရာတွင်လည်းကောင်း၊ မဲဆန္ဒရှင်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် နိုင်ငံရေးပါတီများကို money(ငွေ)၊ muscle (အင်အား)၊ mafia(မာဖီးယား) အစရှိတဲ့ အဂတိဂိုဏ်း၊ ဒုစရိုက်ဂိုဏ်းများ ခြယ်လှယ် လွှမ်းမိုးခဲ့လို့ တိုင်းပြည်အတော်လေး နစ်နာခဲ့တဲ့သာဓကတွေ ရှိခဲ့ပါတယ်။ အဲဒီလိုမျိုး မဖြစ်စေဖို့ Anti Defection Law (ပါတီကူးပြောင်းခြင်း ကာကွယ်သည့်ဥပဒေ) အပါအဝင် ထိရောက်သော ပြဋ္ဌာန်းချက်၊ ဥပဒေများ သတ်မှတ်ပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြုလိုပါတယ်။

(ခ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေးများတွင် ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦး သို့မဟုတ် နှစ်ဦးတို့က ၎င်းတို့နှစ်ခြိုက်သကဲ့သို့ ဆုံးဖြတ်ချက်ပေးခြင်းကို ကြိုတင်ဟန့်တားကာကွယ်ခြင်းငှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အစည်းအဝေး ဆုံးဖြတ်ချက်များသည် တညီတညွတ် Unanimous သို့မဟုတ် အများဆန္ဒ Majority အရသာ ဖြစ်စေရမည်ဟူ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းခြင်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းပါရန် အကြံပြုတင်ပြအပ်ပါတယ်"

လို့အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့က ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။ ။

21-7 (06) 1 7/21/07, 3:11 AM

✻ ကျောဖုံးမှ

အဆိုပါ ဒွန်ဘန်တံတားဖွင့်ပွဲ အခမ်းအနားသို့ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်၊ ဖားကန့်တပ်နယ်၊ မိုးကောင်းတပ်နယ်နှင့် တနိုင်းတပ်နယ်တို့မှ တပ်မတော်အရာရှိ ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီး ဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဒေသခံရပ်မိရပ်ဖများ၊ ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာ၊ လဝါးကျေးရွာ၊ လမုန်းခကျေးရွာနှင့် ရှုဒူဇွတ်ကျေးရွာတို့မှ ပြည်သူများ၊ ကာမိုင်းမှ ဒေသခံပြည်သူများ၊ တံတားတည်ဆောက်ရေးအထူးအဖွဲ့(၁၅)မှ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ မိုးကောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာနှင့် ပန်းဖွားအက အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာတံတားဖွင့်ပွဲအခမ်းအနားသို့ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာတွင် ယနေ့သည် မြစ်ကြီးနား–တနိုင်း–နန်းယွန်း–ပန်ဆောင်–လီဒို လမ်းမကြီးပေါ်မှာဒွန်ဘန်ချောင်းကိုဖြတ်ပြီး တည်ဆောက်သည့် တံတားသစ်ကို ဖွင့်လှစ်ပေးသည့် အခမ်းအနားနေ့ဖြစ်ကြောင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနသည် ကချင်ပြည်နယ်အတွင်း၌ လမ်းများဖောက်၊ တံတားများဆောက်ပြီး ဒေသအတွင်း သွားရေး၊ လာရေး၊ လွယ်ကူချောမွေ့အောင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ အချို့သော လမ်း တံတားလုပ်ငန်းများကို ပုဂ္ဂလိကအဖွဲ့အစည်းများကလည်း တာဝန်ယူ တည်ဆောက်နေကြသည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း၊ ထိုနည်းအတူ တိုင်းစစ်ဌာနချုပ်၏ ကွပ်ကဲမှုနှင့် အချို့သော လမ်း လုပ်ငန်းများကို တပ်မတော်သားများက ခွဲဝေတာဝန်ယူ တည်ဆောက်နေတာလည်း ရှိကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်အပိုင်း၊ တပ်မတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်း ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည့် အတွက်လည်း ကချင်ပြည်နယ်အတွင်း၌ ရှေးယခင်ကာလများနှင့်မတူဘဲ သွားရေး၊ လာရေး လွယ်ကူ မြန်ဆန်လာပြီဖြစ်ကြောင်း။

ပေါ်ထွက်လာ

တည်ဆောက်ပြီးစီးသည့် တံတားကြီးများအနေနှင့် ပြန်ကြည့်ပါက ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတားကြီးအပြင် တာပိန်၊ တဘတ်ချောင်း၊ နန့်မြစ်ခ၊ ပလီယန်၊ နန့်ဆန်ယန်၊ မိုးလဲ၊ တနိုင်း၊ ဟိုပင်၊ မိုးကောင်း၊ မိုးညှင်း၊ စင်းခန်း၊ ကျွန်းတောာ၊ နမ္မတီး၊ ဖုန်အင်၊ နမ့်ကွေ့(ရွှေအိုက်)စသော တံတားများနှင့် ယနေ့ဖွင့်လှစ်သည့် ဒွန်ဘန်တံတား စုစုပေါင်းတံတားသစ်ပေါင်း ၁၇ စင်းပေါ်ထွက်လာပြီဖြစ်ကြောင်း။

လမ်းတည်ဆောက်မှု အပိုင်းကို ကြည့်မည်ဆိုပါက တစ်ချိန်တစ်ခါက ကချင်ပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ မီးရထားလမ်းနှင့် လေကြောင်းကိုသာ အဓိကအားထားခဲ့ရပြီး ယခင်ကကားလမ်းများ ဖြောင့်ဖြောင့်တန်းတန်းတောက်လျှောက်သွား၍ ရသည့်လမ်းများမဟုတ်ဘဲ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း သွားလာခဲ့ကြရသည့် လမ်းများဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများမှာလည်း တစ်ချိန်တုန်းကမြစ်ကြီးနား–နမ္မတီး–တနိုင်း ခရီးလမ်းရှိ ကြမ်းတမ်းမှု၊ မလုံခြုံမှု စသည့်အနိဋ္ဌာရုံများကို ခါးခါးသီးသီး နှစ်ပေါင်းများစွာ လက်တွေ့ခံစားခဲ့ကြပြီးဖြစ်ကြောင်း။

မဝေးကွာသေးသည့် ကာလက ကချင်ပြည်နယ်သည်အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းတည်ငြိမ်မှု မရှိဘဲ လက်နက်ကိုင်သောင်းကျန်းမှု၏ဒဏ်ရာဒဏ်ချက်များကို ခါးစည်းခံခဲ့ရကြောင်း၊ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသလို ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကိုလည်း နှစ်ပေါင်းများစွာ မည်မည်ရရ လုပ်ကိုင်ဆောင်ရွက် နိုင်စွမ်းမရှိ ဖြစ်ခဲ့ကြောင်း။

ပိုမိုတိုးချဲ့

ယနေ့ဆိုလျှင် ကချင်ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းပြီး အဘက်ဘက်မှ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း၊တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုရရှိအောင် ကြိုးပမ်းတည်ဆောက်နိုင်ခဲ့ပြီဖြစ်သည့်အတွက် လုံခြုံမှု၊ ငြိမ်းချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲလာပြီး ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ပိုမိုတိုးချဲ့ဆောင်ရွက်လာနိုင်ပြီဖြစ်ကြောင်း။

တစ်ချိန်က ကျိုးလန့်စာစား တထိတ်ထိတ်တလန့်လန့် သွားခဲ့သည့် မြစ်ကြီးနား–နမ္မတီး–တနိုင်း ကားလမ်းသည် ပိုမိုကောင်းမွန် ချောမွေ့လာပြီး နာရီပိုင်းနှင့် ခရီးပေါက်နေ သည်မှာ လက်တွေ့ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ အမြော်အမြင်ရှိရှိ တွန်းအားပေးလမ်းညွှန်မှုများအရ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းမှာ မြစ်ကြီးနား–ရွှေဘိုကားလမ်း၊ ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းမှာ မန္တလေး–သပိတ်ကျင်း–တကောင်း–ရွှေကူ–ဗန်းမော်ကားလမ်းတို့သည် ကချင်ပြည်နယ်၏ အဓိကထွက်ပေါက် လမ်းမကြီးများအဖြစ် ထင်ထင်ရှားရှား ပေါ်ထွက်လာပြီး ပြည်သူအများ သွားလာနေကြပြီဖြစ်ကြောင်း၊ ကချင်ပြည်နယ်၏ အခြားပြည်နယ်၊ တိုင်းများနှင့် အပြန်အလှန် ဆက်သွယ်သွားလာမှု ပိုမိုမြန်ဆန်သွက်လက်နေပြီဖြစ်ကြောင်း။

ထို့အတူ ပြည်နယ်အဓိက အတွင်းလမ်းများ ဖြစ်သည့် မြစ်ကြီးနား–နမ္မတီး–တနိုင်း–နန်းယွန်းကားလမ်း၊ မြစ်ကြီးနား–ဆွမ်ပရာဘွမ်–ပူတာအို၊ မြစ်ကြီးနား–ဗန်းမော်ကားလမ်းတို့ကိုလည်း အဆင့်မြှင့်တင် ဆောင်ရွက်ပေးပြီး ယခုလို တံတားကြီးများကို လိုအပ်သလို တည်ဆောက်ပေးနေတာ ဖြစ်သည့်အတွက် ပြည်နယ်အတွင်း ဒေသတစ်ခုနှင့်တစ်ခုသည် လွယ်ကူစွာ ကူးသန်းသွားလာနိုင်ပြီဖြစ်ကြောင်း။

ထို့အပြင် ဧရာဝတီမြစ်အနောက်ဘက်ကမ်းအတိုင်း စစ်ကိုင်း–ထီးချိုင့်–ကသာ – မြို့လှ – အမတ်ကြီးကုန်း–ဆင်ဘို–အကဲ့–မြစ်ကြီးနားလမ်းကိုလည်း အမှတ်(၃)ခရိုင်ချင်းဆက်လမ်းအဖြစ် ဖောက်လုပ်ပေးနေသလို ကသာမှ ချောင်းဝ – ရွှေကူလေး – စင်းခန်း–ဗန်းမော် မီးရထားလမ်းကိုလည်း စတင်ဆောင်ရွက်ပေးလျက် ရှိခြင်းကြောင့် ယင်းလမ်းတစ်လျှောက်မြို့ရွာများအမြန်ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်နေ

ပြည်နယ်၏ ဖွံ့ဖြိုးမှုကို သယ်ပိုးထမ်းဆောင်နိုင်မည့် ပညာတတ် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်အတွက် မြစ်ကြီးနားဒေသ အပြင် ဗန်းမော်နှင့်မိုးညှင်းဒေသတို့မှာလည်း တက္ကသိုလ်၊ ကောလိပ်များကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ကချင်ပြည်နယ်ကို လေ့လာကြည့်မည်ဆိုပါက ပြည်နယ်ရုံးစိုက်ရာ မြစ်ကြီးနားမြို့ တိုးတက်နေသလို ဗန်းမော်နှင့်မိုးညှင်းဒေသများ၊ ပူတာအိုနှင့် တနိုင်းလွင်ပြင်ပါ ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်နေကြခြင်းဖြစ်ကြောင်း။

“ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးသည် မျှမျှတတ ဖွံ့ဖြိုးတိုးတက်နေမယ်၊ဒေသတစ်ခုနှင့်တစ်ခု အကြား ဆူကြုံနိမ့်မြင့်ကွာဟမှုဟာ မကြီးမားစေဘဲ နည်းနိုင်သမျှ နည်းအောင် ကြိုးစားရမယ်၊ ဖွံ့ဖြိုးမှုအားနည်းနေတဲ့ နယ်မြေဒေသတွေကို နည်းလမ်းမျိုးစုံရှာပြီး ဖွံ့ဖြိုးလာအောင် ကြိုးစားပေးရမယ်၊ ပြည်ထောင်စုကြီးတစ်ခုလုံး ညီညီညွတ်ညွတ် မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာမှသာ ရေရှည်တည်တံ့ခိုင်မြဲသည့် ပြည်ထောင်စုကြီးဖြစ်လာမယ်”ဆိုတဲ့ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မွန်မြတ်သည့် သဘောထားစိမံမှုအရ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။



ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ ဒွန်ဘန်တံတားကို တွေ့ရစဉ်။
(သတင်းစဉ်)

နိုင်ငံတော်အပိုင်းက မူဝါဒအရ ရော၊ လက်တွေ့လုပ်ငန်းပိုင်းအရပါ ယခုလိုလုပ်ကိုင်ဆောင်ရွက်ပေးနေသလို ကချင်ပြည်နယ်မှာရှိသည့် ဒေသခံတိုင်းရင်းသားအားလုံးက ညီညီညွတ်ညွတ် ကြိုးစားခဲ့ကြသည့်အတွက် ယနေ့ကချင်ပြည်နယ်သည် ဆန်စပါးနှင့်စားသုံးဆီဖူလုံပြီး တိုးတက်ဖွံ့ဖြိုးမှုလမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီဖြစ်ကြောင်း၊ဆက်လက်ပြီးစည်းစည်းလုံးလုံး တပေါင်းတစည်းတည်း ပူးပေါင်းပြီး ကြံစည်အားထုတ်လုပ်ကိုင်ဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း၊ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ယှဉ်တွဲနေထိုင်ကြသည့် အခြားတိုင်းရင်းသားညီအစ်ကိုများနှင့် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်တံ့ခိုင်မြဲရေးကိုလည်း ထည့်သွင်းစဉ်းစားပြီး အလုပ်လုပ်ကြရမည်ဖြစ်ကြောင်း၊ အေးအတူ ပူအမျှ ဦးပဲ့ထမ်း စုပေါင်းလုပ်ကိုင်ဆောင်ရွက်ကြရင်း ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်သွားကြရန်ဖြစ်ကြောင်း။

ဝိုင်းဝန်းစောင့်ရှောက်

ယခုဒွန်ဘန်တံတားသည် ကချင်ပြည်နယ်ဖွံ့ဖြိုးရေး၊ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေး၊ ပြည်သူများ၏ လူနေမှုဘဝကိုအထောက်အကူပြုစေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသွားမည်ဖြစ်သည့်အတွက် တံတားကို ရေရှည်အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချရေးအတွက် ဝိုင်းဝန်းစောင့်ရှောက်ကြပါရန်နှင့် ယခုလို တည်ငြိမ်အေးချမ်းစွာ နေထိုင်ကြရသည့် ဘဝကိုလည်း ဆက်လက်ထိန်းသိမ်းသွားပါဟု တိုက်တွန်းရင်း နိဂုံးချုပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က အမှာစကား ပြောကြားရာတွင် ဒွန်ဘန်တံတားကို ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတော်အစိုးရက ချမှတ်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသလုပ်ငန်းစဉ်ကြီး (၅)ရပ်အနက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးဆိုသည့် လုပ်ငန်းစဉ်ကြီးကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလည်းဖြစ်ကြောင်း၊ ဒွန်ဘန်တံတားသည် မြစ်ကြီးနား–နမ္မတီး–တနိုင်း–ပန်ဆောင်–လီဒိုလမ်းပေါ်တွင် အရေးပါသည့် တံတားတစ်စင်းလည်းဖြစ်ကြောင်း။

တံတားမှာ R.P.Tသံပေါင် သံကူကွန်ကရစ်ကြမ်းခင်းဖြစ်လို့ ရာသီမရွေး လုံခြုံစိတ်ချစွာ သွားလာနိုင်တော့မှာဖြစ်ကြောင်း၊ တံတားကို စုစုပေါင်း တန်ဖိုးငွေကျပ် ၂၈၅၅သိန်း အကုန်အကျခံပြီး တည်ဆောက်ထားခြင်းဖြစ်ကြောင်း။

ကချင်ပြည်နယ်သည်မြန်မာနိုင်ငံ၏ မြောက်ဘက်အစွန်းပိုင်းမှာ တည်ရှိပြီး ရေ၊ မြေ၊ သယံဇာတ ပေါကြွယ်ဝတဲ့ ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ တစ်ချိန်က ပြည်နယ်အတွင်း နယ်မြေအေးချမ်းသာယာမှုမရှိသည့်အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့မှာ အဘက်ဘက်ကနေပြီး ဖွံ့ဖြိုးမှုတွေ နောက်ကျကျန်ရစ်ခဲ့ရကြောင်း။

ယခုအခါ နယ်မြေအေးချမ်း တည်ငြိမ်မှုရှိလာပြီးဖြစ်သည့်အတွက်မော်တော်ကားလမ်းအသစ်များ ဖောက်လုပ်ခြင်း၊ လမ်းဟောင်းများကို တိုးတက်ပြုပြင်ခြင်း၊ မြစ်ကြီးနား–မန္တလေး မီးရထားလမ်းကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်သည့်အပြင် မြစ်ကြီးနားလေဆိပ်၊ ဗန်းမော်လေဆိပ်၊ ပူတာအို လေဆိပ်တို့ကိုလည်း တိုးချဲ့ပြုပြင် တည်ဆောက်ပေးနိုင်ပြီဖြစ်၍ ကချင်ပြည်နယ်ဟာ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ယခင်ကထက် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်ရပြီဖြစ်ကြောင်း။

ကချင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်နယ်အတွင်းရှိ လမ်းတံတားများကို တည်ဆောက်ပေးခဲ့ရာ မြစ်ကြီးနား–တနိုင်းကားလမ်းကို အမာခံလမ်းဖြစ်အောင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယင်းလမ်းပေါ်တွင်ရှိသည့် တနိုင်းတံတား ၉၄၂ပေ၊ လွယ်လီယန် တံတား ၁၃၈ပေတို့ကို အခိုင်အမာ တံတားအဖြစ် တည်ဆောက်ပေးနိုင်ခဲ့ကြောင်း၊ တနိုင်းကနေဆက်ပြီး အိန္ဒိယနယ်စပ်(နန်းယွန်း–ပန်ဆောင်)အထိ ရာသီမရွေး သွားလာသည့် လမ်းနှင့်တံတားများ တည်ဆောက်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း။

ဦးစားပေးလုပ်ငန်း

ယခင်က ပူတာအိုဒေသသည် မြစ်ကြီးနားမှ ပူတာအိုကို လေယာဉ်လမ်းကြောင်းတစ်ခုတည်းကို အားကိုးနေရာက ယခုအခါ မြစ်ကြီးနား–ဆွမ်ပရာဘွမ်–ပူတာအိုလမ်း ၂၁၈ မိုင်ကို တပ်မတော်သားများအပါအဝင် လမ်းအထူးအဖွဲ့(၁)၊ လမ်းအထူးအဖွဲ့(၆)၊ လမ်းအထူးအဖွဲ့ (၁၄)၊ ဂျိတ်လန်း(န်) မြန်မာကုမ္ပဏီ၊ ဖားကန့်လုပ်ငန်းရှင်များအဖွဲ့နှင့် ပူတာအိုခရိုင်ဆောက်လုပ်ရေးအဖွဲ့တို့က လမ်းအပိုင်းလိုက် အထူးဦးစားပေး လုပ်ငန်းကြီးအဖြစ် တာဝန်ယူဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

ယနေ့ ဖွင့်လှစ်သည့် ဒွန်ဘန်တံတားကြီးသည် နိုင်ငံတော်တွင် ၂၀၇ စင်းမြောက် တံတားဖြစ်ကြောင်း၊ ကချင်ပြည်နယ်အနေနှင့် ယခု ၁၇စင်းမြောက် ဖွင့်လှစ်ပေးလိုက်သည့် ပေ၁၈၀အထက် တံတားကြီးတစ်စင်းလည်းဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် လမ်းမကြီးများ၊ တံတားကြီးများ၊ လေယာဉ်ကွင်းများ တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးလျက်ရှိသည့် အချိန်တွင် ဒေသခံ တိုင်းရင်းသားပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်သွားကြပါ၊ တံတားကြီးရေရှည်တည်တံ့ခိုင်မြဲအောင်လည်း စောင့်ရှောက်သွားကြပါ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အတူလက်တွဲလျှောက်လှမ်းကြပါဟု ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

၂၂၇ စင်း

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတားဆောက်လုပ်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ယခုတည်ဆောက်ပေးပြီးသည့် ဒွန်ဘန်တံတားအပါအဝင် ပေ ၁၈၀နှင့်အထက် တံတားကြီးပေါင်း ၂၀၇ စင်း အပြင် တပ်မတော်သားများက တည်ဆောက်ပေးခဲ့သော တံတား ၁၀စင်း၊ မြန်မာ့မီးရထားက ခုနစ်စင်း၊ လျှပ်စစ်စွမ်းအားက နှစ်စင်း အပါအဝင် တံတားပေါင်း ၂၂၇စင်း ရှိသွားပြီ ဖြစ်ကြောင်း။

ပေ ၂၀မှ ၁၀၀အတွင်း တံတားများ ၁၈၃၄စင်းနှင့် ပေ ၁၀၀မှ ပေ၁၈၀ အတွင်း တံတားပေါင်း ၂၄၀စင်း တည်ဆောက်ပေးခဲ့ပြီး ဆောက်လုပ်ဆဲ တံတားကြီး၊ တံတားငယ်တွေကျန်ရှိသေးကြောင်း၊ မြစ်ကြီးနားတွင် မစွမ်ဖွပ်တံတား၊ ပူတာအို၌ ကောင်းမှုလုံ တံတားတို့ကိုလည်း တည်ဆောက်လျက်ရှိကြောင်း။

ယခုဆိုလျှင် ကချင်ပြည်နယ်အနေဖြင့် ပေ ၁၈၀နှင့်အထက် တံတားပေါင်း ၁၉၈၈ခုနှစ်ကာလအထိ ၂၇စင်းနှင့် ၁၉၈၈ခုနှစ်မှ ယနေ့အထိ ဗလမင်းထင်၊ မိုးကောင်းတံတား၊ စင်းခန်းတံတား၊ နမ္မတီးတံတား(ကံလှ)စသည်တို့နှင့် ယခု ဒွန်ဘန်တံတား အပါအဝင် ၁၇စင်း၊ စုစုပေါင်း ၄၄စင်းရှိခဲ့ပြီဖြစ်ကြောင်း။

ဆောက်လုပ်ရေး ဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်ပေးခဲ့သည့် လမ်းများမှာ ယနေ့ဆိုလျှင် တစ်နိုင်ငံလုံး ၅၅၆၀/၆မိုင် တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ကချင်ပြည်နယ်တွင် ၁၉၈၈ခုနှစ်အထိ လမ်းမိုင် ၁၄၇၁မိုင်ရှိခဲ့ရာက ယနေ့အထိဆိုလျှင် ၁၆၅၂/၄မိုင် ရှိလာပြီး ၁၈၀/၄မိုင်အထိ တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

မြစ်ကြီးနား–ဆွမ်ပရာဘွမ်–ပူတာအို လမ်းမိုင် ၂၁၈မိုင်ကို အထူးဦးစားပေးလုပ်ငန်းကြီးအဖြစ် မြစ်ကြီးနားမှ ဆွမ်ပရာဘွမ်အထိ ၁၃၂/၀ မိုင်ကို ဂျိတ်လင်းကုမ္ပဏီနှင့် ဖားကန့် လုပ်ငန်းရှင်များအသင်း၊ ဆွမ်ပရာဘွမ်မှ ပူတာအိုအထိ ၁၃၂/၀မိုင်မှ၂၁၈/၀မိုင်ကိုလမ်းအထူးအဖွဲ့(၆)နှင့် ပူတာအိုခရိုင်အဖွဲ့လမ်းအထူးအဖွဲ့(၁၄)နှင့်လမ်းအထူးအဖွဲ့(၁)တို့က ကျောက်ချောလမ်းကို ရာသီမရွေးသွားလာနိုင်အောင်ပထမဆင့်ဆောင်ရွက်ပြီး ကတ္တရာလမ်း အဆင့်ထိဆောင်ရွက်ပေးသွားတော့မှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်ကချင်တိုင်းရင်းသားတွေအတွက် တနိုင်း၊ ပန်ဆောင်မြို့တွေက တစ်ဆင့် အိန္ဒိယနိုင်ငံအထိ ဆက်သွယ်ပြီး သွားလာမှု လွယ်ကူသွားပြီဖြစ်သည့်အတွက် တံတားကြီး ရေရှည်ယိုယွင်းမှုမရှိအောင် အသုံးပြုသူများကပါ ဝိုင်းဝန်းစောင့်ရှောက်ပေးသွားကြပါဟု မှာကြားရင်းနိဂုံးချုပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဖွင့်လှစ်

ယင်းနောက် တံတားဖွင့်ပွဲ အခမ်းအနားကို တံတားထိပ်မုခ်ဦးရှေ့၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က တံတားအသစ်ကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

မှတ်တမ်းတင်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးများသည် ဒေသခံတိုင်းရင်းသား ပြည်သူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တံတားထိပ်ရှိ မော်ကွန်းကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၁၁ ကော်လံ ၄ သို့

အချိန်မီပါသေးတယ် (၂)

ဝဏ္ဏမင်း

ဒီတစ်ခေါက်တော့ တစ်စုံတစ်ယောက်ကို မရည်ညွှန်းလိုပါ။

ပြည်တွင်းပြည်ပက ဆန့်ကျင်ဘက်ဆိုသူ ခုနစ်ရက်သားသမီး အပေါင်း၊ အဖွဲ့အပေါင်းကို ရည်ညွှန်းလိုပါတယ်။

နိုင်ငံရေးဆိုတာနဲ့ ပတ်သက်လို့ ခေတ်အဆက်ဆက် ပညာရှင် အမျိုးမျိုးနဲ့ သမိုင်းကြောင်းပေါ်က နိုင်ငံရေးခေါင်းဆောင်အသီးသီးတို့ ကနေ ဖွင့်ဆိုချက်အစုံစုံတွေ ထုတ်ခဲ့တာတွေအနက် ကျွန်တော်အကြိုက် ဆုံးဖွင့်ဆိုချက်ကတော့ **နိုင်ငံရေးဆိုတာ ခေါင်းဆောင်တစ်ယောက်ရဲ့ လိုအင်ဆန္ဒနဲ့ သန္နိဋ္ဌာန်ပေါ်မှာသာ တည်တာမဟုတ်ဘဲ ပေါ်လစီ ဖန်တီးနိုင်မှုနဲ့ ကျွမ်းကျင်ပိုင်နိုင်စွာ အကောင်အထည်ဖော်နိုင်မှုပေါ် မှာပါ မူတည်တယ်ဆိုတာပါပဲ။**

ဒီကနေ့ ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွေနဲ့ပတ်သက်လို့ ပြည်တွင်းပြည်ပအနှောင့်အယှက်ပေါင်းစုံ ရောပြွမ်းရှုပ်ထွေးနေမှုတွေအပေါ် ရှုထောင့်အမျိုးမျိုးကနေ ကိုယ်လိုရာ ကိုယ်ဆွဲ ပြောနေကြတာတွေ၊ တည်ဆဲအစိုးရအပေါ် အမျိုးမျိုးအပြစ်တင် ပြောကြားခဲ့တဲ့ မိန့်ခွန်းကို ကြည့်လိုက်ရင် အမေရိကန်တွေ ဘယ်ခြေလှမ်း လှမ်းနေသလဲဆိုတာကို တွက်လို့ရပါတယ်။ ရုပ်အသွင်အပြင်များကို ပြောင်းလဲပစ်မယ့် သံခင်းတမန်ခင်း (Transfomational Diplomacy) လို့ အမည်ပေးထားတဲ့ အမေရိကန်တို့ရဲ့သံခင်းတမန်ခင်းဆိုင်ရာ တွေနဲ့ပတ်သက်ပြီး ပြောသွားတာတွေကို လေ့လာကြည့်ကြရအောင်။

မလွဲမသွေ လုပ်ကြရမှာဖြစ်

ရှေ့မတိုး နောက်မဆုတ်သာတဲ့ အခြေအနေပေါ်မှာ ရပ်တည်နေကြတဲ့ ဆန့်ကျင်ဘက်အဖွဲ့များအနေနဲ့ အခြေအနေသစ်တစ်ခုကို လှမ်းတက်ချင်တယ်ဆိုရင်တော့ ပြည်သူတွေရဲ့ သဘောထားအမှန်ကို ပစ်ပယ်လို့မရသလို သက်ဆိုင်ရာ အာဏာပိုင်တွေနဲ့လဲ ပူးပေါင်းဆောင်ရွက်မှုဆိုတာကိုလဲ မလွဲမသွေ လုပ်ကြရမှာ ဖြစ်ပါတယ်။

လူတကာနဲ့ သွားတွေ့နေတာတွေဟာ ဘာသဘောနဲ့ လုပ်နေကြတာလဲ ဆိုတာကို အဖြေရှာမိခဲ့ပါတယ်။ ဒါ့အပြင် သံခင်းတမန်ခင်း အကာ အကွယ်နဲ့ လုပ်ဆောင်လာမယ့် အချက်တွေဟာလဲ သက်ဆိုင်ရာ နိုင်ငံတွေရဲ့ အချုပ်အခြာအာဏာအတွက် ဘယ်လောက် စိုးရိမ်စရာလဲ ဆိုတာ တွက်လို့ရနေပါတယ်။

နောက်ထပ် လေ့လာဆန်းစစ်သင့်တဲ့ စကားတစ်ခုကတော့ ကုလသမဂ္ဂဆိုင်ရာ လက်ရှိ အမေရိကန်ကိုယ်စားလှယ်ရဲ့ ပြောကြား ချက်ပါပဲ။

- ကုလသမဂ္ဂရဲ့ အထပ်ဆယ်ထပ်လောက် ဖြိုချလိုက်လို့လဲ ဘာမှအရေးမကြီးပါဘူး။ လုံခြုံရေးကောင်စီမှာ အမြဲတမ်း အဖွဲ့ဝင်(အမေရိကန်) တစ်နိုင်ငံတည်းပဲ ထားသင့်တယ်။ ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းဟာ အမေရိကန်ပြည်ထောင်စု လုံခြုံရေးအတွက် အခရာမဟုတ်ဘူး။ တကယ့်တကယ်တော့ နိုင်ငံတကာ ဥပဒေဆိုတာမျိုးဟာ မရှိသင့်ဘူး။ အမေရိကန် အစိုးရအနေနဲ့ အဲဒီ ဥပဒေမျိုးနဲ့ ချည်တာ တုပ်တာကို လက်မခံဘူး။ အမေရိကန်နိုင်ငံအနေနဲ့ နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး သဘောတူစာချုပ်မှာ လက်မှတ်ရေးထိုးထားတာကို ပြန်လည်ရုပ်သိမ်းလိုက်တဲ့နေ့ဟာ ကျုပ်အတွက် အပျော်ဆုံး နေ့ပဲ။ အမေရိကန်နိုင်ငံအနေနဲ့လိုအပ်လာရင် လုံခြုံရေး ကောင်စီရဲ့ ခွင့်ပြုချက် ယူစရာ၊ စောင့်စရာ မလိုဘူး။

အဲဒီလို ပြောကြားချက်တွေကြားရတဲ့ မြန်မာပြည်က အတိုက်အခံ ဆိုသူအချို့ဟာ မဆီမဆိုင် ဘာထလုပ်သလဲဆိုတော့ မြန်မာပြည် ဒီမိုကရေစီအရေးအတွက် သိကြားမင်း ဆင်းကယ်တဲ့ကိန်းမျိုးဆိုက်ပြီ အထင်နဲ့ လက်ခုပ်လက်ဝါးတီး အားပေးခဲ့တာပါပဲ။

နိုင်ငံတကာရေးသုံးသပ်နေကြတဲ့ တကယ့်ကျွမ်းကျင်သူ ပညာရှင်တွေ ကတော့ အထက်မှာဖော်ပြခဲ့တဲ့ အမေရိကန်ရဲ့ အနေအထားကိုကြည့်ပြီး အမေရိကန်ဟာ သူ့နိုင်ငံရဲ့ အကျိုးစီးပွားကိုသာကြည့်ပြီး ကျန်တစ်ကမ္ဘာ လုံးအပေါ် ထင်သလို စိုးမိုးခြယ်လှယ်နိုင်ဖို့ လုံးပန်းနေခြင်းသာဖြစ်တယ်လို့ ကျယ်ကျယ်လောင်လောင် သုံးသပ်ခဲ့ကြပါတယ်။

တကယ့်ဖြစ်ရပ်မှန် အခြေအနေ တော်တော်များများကလဲ ကျွမ်းကျင်သူပညာရှင်တွေ သုံးသပ်သလို ဖြစ်နေပါတယ်။ ထင်ရှားတဲ့ သာဓကတွေကိုပြရရင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ ကမ္ဘာ့ဘဏ် (WB) စတဲ့ နိုင်ငံတကာ စီးပွားရေးအဖွဲ့အစည်းတွေကို အမေရိကန်နဲ့အင်အားကြီး နိုင်ငံအချို့က ကြိုးကိုင်ထားပါတယ်။

အမေရိကန်ဟာ အဲဒီ အဖွဲ့အစည်းတွေ
နိုင်ငံတွေ(အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေ)ရဲ့
အကျိုးစီးပွားနဲ့ ကိုက်ညီစေဖို့ အတင်းအကျ
လုပ်စေခဲ့တယ်။ လွတ်လပ်တဲ့ ဈေးကွက်လို့
တွေကို အတင်းအကျပ်ဖွင့်စေခဲ့တယ်။ အမေရိ
အကန့်အသတ်တွေ ပြုလုပ်ထားတာကြောင့်
မှုတွေမှာ တစ်ဖက်သတ် တစ်လမ်းသွားတွေ

ဒါ့အပြင် ကမ္ဘာ့ဘဏ်ချေးငွေရရှိရေးဆို
ဆိုတာကလဲ အမေရိကန်ကပဲ စိတ်ကြိုက်
ချေးငွေရလာပြန်တော့လဲ အဲဒီချေးငွေနဲ့ အ
စီမံကိန်းတွေဟာ အမေရိကန်အပါအဝင်
ကော်ပိုရေးရှင်းကြီးတွေရဲ့ လက်ဝါးကြီးအုပ်စီမံ
ဒီလိုနဲ့ အမေရိကန်အပါအဝင် အနောက်အုပ်စု
သထက်ချမ်းသာလာပြီး ဖွံ့ဖြိုးဆဲနိုင်ငံတွေက ဆ
နက်လာမှုနဲ့အတူ ချေးငွေ ကြွေးမြီသံသရာ
တော့ဘူး။

အမေရိကန်ရဲ့အလိုကျ နိုင်ငံရေး၊ စီးပွား
မခံတဲ့နိုင်ငံငယ်တွေကို အမေရိကန်တို့ လုပ်
နည်းမျိုးစုံနဲ့ အကျပ်ကိုင် ဖိအားပေးတာတွေ
တွေ လုပ်လာတဲ့အပြင် စီးပွားရေးအရပိတ်ဆို့
တည်ဆဲအစိုးရအပေါ် ဒီမိုကရေစီနဲ့ လူ့အခွ
ပြည်တွင်းပြည်ပက အထင်အမြင်လွဲမှား
ဦးဆောင်ကြံစည်လုပ်ဆောင်မှု၊ အစိုးရခေါင်းဆေ
လျှို့ဝှက်ကြံစည် နည်းပေးလမ်းပြလုပ်မှု၊
တင်းတင်း ဝင်ရောက်စွက်ဖက် ကျူးကျော်မှု

ဒီမိုကရေစီလူ့အခွင့်အရေးနှင့် လွတ်
ပြုလုပ်တဲ့ အမေရိကန်ရဲ့စစ်ရေးအရ ကျူး
စစ်ဘက်ပစ်မှတ်၊ အရပ်ဘက်ပစ်မှတ်ဆိုပြီး
ပါဘူး၊ တကယ်ခံစားသွားရတာက အပြစ်
မမေ့သင့်ပါဘူး၊ ပူပူနွေးနွေး အီရတ်နိုင်ငံကိုပဲ
အုပ်ချုပ်ပုံကို မကြိုက်တဲ့သူတွေ အမေရိကန်
ရှင်ကြီး လာတယ်လို့ ထင်မိခဲ့တာ အခု ဘ
ခံစားနေရသလဲဆိုတာ အားလုံးအသိပါပဲ။
tion) နဲ့ အမေရိကန်ပြုမှု (Americanizati
ကြပါစေ။

အပြစ်မြင်နေကြတာတွေအပေါ် ဘာမှဋီကာမချဲ့လိုပေမယ့် ကယ်တင်ရှင် မျှော် ဝါဒတွေနဲ့ တိုင်းပြည်ကို ချောက်ထဲတွန်းချနေကြတဲ့ လုပ်ရပ်တွေ နဲ့ ပတ်သက်လို့တော့ နိုင်ငံသားတစ်ယောက်ရဲ့အမြင်နဲ့ ဆွေးနွေးတင်ပြ ချင်ပါတယ်။

ဘယ်တိုင်းပြည်၊ ဘယ်အစိုးရ၊ ဘယ်ခေတ်၊ ဘယ်စနစ်မှာပဲဖြစ်ဖြစ် အဲဒီတိုင်းပြည်၊ အဲဒီအစိုးရ၊ အဲဒီခေတ်၊ အဲဒီစနစ်တွေအပေါ် အားရ ကျေနပ်တဲ့သူနဲ့ မကျေနပ်မထောက်ခံတဲ့သူဆိုပြီး နှစ်မျိုး နှစ်စား ရှိစမြဲ ပါပဲ။ မထူးဆန်းပါဘူး။

ဒါပေမယ့် ဒီကနေ့ မြန်မာနိုင်ငံဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွေနဲ့ပတ်သက်လို့ ကိုယ် ပိုင်ပိုင်နိုင်နိုင်မသိတဲ့၊ မသိနိုင်တဲ့ အင်အားကြီးနိုင်ငံကြီးတွေရဲ့ ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာအခင်း အကျင်းနဲ့ သေနင်္ဗျူဟာလုပ်ငန်းစဉ်တွေမှာ ကိုယ့်နိုင်ငံရဲ့ကံကြမ္မာကို စာတိုက်တွဲချိတ်သလို သွားချိတ်နေကြတာဟာ တော်တော်အဆင်အခြင် မဲ့တဲ့ လုပ်ရပ်လို့ မြင်မိပါတယ်။

အင်အားကြီးနိုင်ငံကြီးတွေရဲ့ ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာအခင်း အကျင်းနဲ့ သေနင်္ဗျူဟာလုပ်ငန်းစဉ်တွေကို မြန်မာပြည်က အတိုက် အခံဆိုတဲ့ နိုင်ငံရေးသမားဆိုသူများအနေနဲ့ တကယ်တမ်းသိဖို့ဆိုတာ လွယ်တာမှတ်လို့။ ပြည်ပရေဒီယိုတွေကနေ ဘာလေ့လာသူ၊ ညာသုတေသီ၊ ဟိုဟာကျွမ်းကျင်သူ၊ ဒီဟာအကဲခတ်သူဆိုတဲ့ လူတွေပြောချင်ရာပြော နေတာတွေဟာ လေဖမ်းပြီးဝရမ်းချည်အဆင့်ထက် မပိုပါဘူး။

ဘယ်လိုနိုင်ငံမျိုးကအစိုးရမဆို ကိုယ့်နိုင်ငံရဲ့ ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာအခင်းအကျင်းနဲ့ သေနင်္ဗျူဟာလုပ်ငန်းစဉ်တွေကို ဖွင့် မပြောတဲ့ စဉ်းစားနည်းတွေ ကိုယ်စီနဲ့ ဘာဖြစ်လာရင် ဘာလုပ်မယ်၊ ဘယ်လိုလုပ်ရင် ဘာဖြစ်လာနိုင်တယ်ဆိုတဲ့ ကိုယ်စီသုံးသပ်တွေးဆချက် တွေရှိနေကြတာပါပဲ။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံထောက်လှမ်းရေးလုပ်ကြ တယ်ဆိုတာ အဲဒီစဉ်းစားနည်းကို သိရှိနားလည်မှန်းဆချက်ရအောင် လုပ်တာ အဓိကပါပဲ။

နိုင်ငံတိုင်း နိုင်ငံတိုင်းက အစိုးရတွေဟာ ကမ္ဘာ့တိမ်းညွှတ်မှု (Tendency)ကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး အဓိကပဋိပက္ခတွေပေါ် မူတည်အခြေခံတဲ့ သံခင်းတမန်ခင်းတွေကို ကျင့်သုံးတတ်ကြပါတယ်။ ဒီနေရာမှာ အမေရိကန်တို့ရဲ့ သံခင်းတမန်ခင်းဆိုင်ရာ အချက်အလက် အချို့ကို လေ့လာမိသလောက် တင်ပြလိုပါတယ်။

၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့တုန်းက အမေရိကန် ဂျော့တောင်းတက္ကသိုလ်မှာ လက်ရှိအမေရိကန်အစိုးရရဲ့ နိုင်ငံခြားရေးဝန်ကြီး

- အခုခေတ် သံခင်းတမန်ခင်းများဟာ အလွန်ပဲပြောင်းလဲသွား ခဲ့ပါပြီ။ သမားရိုးကျနည်းတွေဖြစ်တဲ့ ကမ္ဘာကြီးမှာ ဘာတွေ ဖြစ်နေတယ်ဆိုတာကို အစီရင်ခံနေကြရုံသက်သက်မဟုတ်ဘဲ ကမ္ဘာကြီးကို ဘယ်လိုပြောင်းလဲအောင် လုပ်မလဲ၊ နည်းလမ်း တွေကို ဘယ်လိုရှာကြမလဲ ဆိုတာတွေကို ရဲရဲဝံ့ဝံ့ လုပ်ကြရ မယ့် အချိန်ရောက်နေပါပြီ။
- ကျွန်မတို့(အမေရိကန်)ရဲ့ လုပ်နည်းလုပ်ဟန်တွေ ဟာ (နိုင်ငံ တကာက ဝေဖန်နေသလို) အဖကြီးစိုးတဲ့လုပ်ငန်း (Paternalism) မျိုး မဟုတ်ဘဲ ပူးပေါင်းဆောင်ရွက်တဲ့ လုပ်ဟန် (Partnership) ဖြစ်ပါတယ်။
- သံခင်းတမန်ခင်း အနေအထားများကိုလည်း ပြင်ဆင်ရပါ လိမ့်မယ်။ နိုင်ငံရပ်ခြားရောက် ကျွန်မတို့ရဲ့ သံတမန်များဟာ တာဝန်ကျနေတဲ့ မြို့တော်တစ်ဝိုက် ကောင်စစ်ဝန်ရုံးများရှိရာ တစ်ဝိုက်မှာသာမနေကြဘဲ ဒေသအသီးသီးကိုသွားရောက်ပြီး အမေရိကန်ဌာနလေးများ(American Presence Post)ဖွင့်ပြီး ဒီမိုကရေစီအယူအဆတန်ဖိုးများကို ပညာပေးရပါလိမ့်မယ်။ သတင်းကွန်ရက်လုပ်ငန်း(Internet)တစ်ခုထူထောင်ပြီး လုပ်လို့ ရပါတယ်။
- အမေရိကန်နိုင်ငံခြားရေးဌာန လက်အောက်မှာ ပြန်လည်တည် ဆောက်ရေးနဲ့ တည်တံ့ခိုင်မြဲရေးဌာနတစ်ခုဖွင့်လှစ်ပြီး အဲဒီ ဌာနမှာ အရပ်သားအမှုထမ်းများ၊ ဥပမာ-ပုလိပ်အရာရှိများ၊ ဆေးဝန်ထမ်းများ၊ ဥပဒေပညာရှင်များ၊ အင်ဂျင်နီယာများ၊ ဘဏ်အမှုထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ရွေးကောက်ပွဲ ကြီးကြပ်သူများ စတာတွေပါဝင်စေလျက် အရေးအကြောင်း ရှိလာရင် အမေရိကန်စစ်မှုထမ်းများနဲ့ ပူးပေါင်းလုပ်ဆောင်ဖို့ ပြင်ဆင်ထားပါတယ်။
- ကမ္ဘာကြီးရဲ့ ဘယ်အရပ်၊ ဘယ်ဒေသမှာပဲဖြစ်ဖြစ် ပေါ်ပေါက် လာတဲ့ အရေးပေါ်အရေးအခင်းများကို အဲဒီဌာနက အရပ်သား၊ ဝန်ထမ်းများဟာ အမေရိကန်စစ်သားများနဲ့အတူ ပူးတွဲ ဝင်ရောက် ဖြေရှင်းရပါလိမ့်မယ်။ အမေရိကန်စစ်ဘက်ဌာန တစ်ခုတည်းနဲ့ ဖြေရှင်းဖို့ မလုံလောက်တော့ပါဘူး။

သူပြောသွားတာတွေကို လေ့လာကြည့်လိုက်တော့မှ **ဒီကနေ့ မြန်မာ နိုင်ငံမှာ ရှိနေတဲ့ အမေရိကန်သံရုံးက တာဝန်ရှိသူအချို့ NLD ရုံးကို ချောင်းပေါက်မတတ် အဝင်အထွက် လုပ်နေတာတွေ၊ အရပ်တကာလှည့်**

ဘယ်တိုင်းပြည်၊ ဘယ်အစိုးရ၊ ဘယ်ခေတ်၊ ဘ
အစိုးရ၊ အဲဒီခေတ်၊ အဲဒီစနစ်တွေအပေါ် အားရ
သူဆိုပြီး နှစ်မျိုး နှစ်စား ရှိစမြဲပါပဲ။ မထူးဆန်းပါ
ဒါပေမယ့် ဒီကနေ့ မြန်မာနိုင်ငံ ဒီမိုကရေစီ
ပတ်သက်လို့ ကိုယ်ပိုင်ပိုင်နိုင်နိုင်မသိတဲ့၊ မသိနိုင်တဲ့ အ
မဟာဗျူဟာအခင်းအကျင်းနဲ့ သေနင်္ဗျူဟာလုပ်
စာတိုက်တွဲချိတ်သလို သွားချိတ်နေကြတာဟာ တေ
ပါတယ်။

(၂)

ဝဏ္ဏမင်းခေါင်

အမေရိကန်ဟာ အဲဒီ အဖွဲ့အစည်းတွေကို အသုံးပြုပြီး ကျန်တဲ့နိုင်ငံတွေ(အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေ)ရဲ့ စီးပွားရေးကို အမေရိကန်အကျိုးစီးပွားနဲ့ ကိုက်ညီစေဖို့ အတင်းအကျပ် ပြုပြင်ပြောင်းလဲမှုတွေ လုပ်စေခဲ့တယ်။ လွတ်လပ်တဲ့ ဈေးကွက်လို့ ကြွေးကြော်ပြီး ဈေးကွက်တွေကို အတင်းအကျပ်ဖွင့်စေခဲ့တယ်။ အမေရိကန်ဈေးကွက်ကိုကျတော့ အကန့်အသတ်တွေ ပြုလုပ်ထားတာကြောင့် အပြန်အလှန် ကုန်သွယ်မှုတွေမှာ တစ်ဖက်သတ် တစ်လမ်းသွားတွေ ဖြစ်ခဲ့ရတယ်။

ဒါ့အပြင် ကမ္ဘာ့ဘဏ်ချေးငွေရရှိရေးဆိုင်ရာ စည်းကမ်းချက်တွေဆိုတာကလဲ အမေရိကန်ကပဲ စိတ်ကြိုက် သတ်မှတ်ထားတာပါ။ ချေးငွေရလာပြန်တော့လဲ အဲဒီချေးငွေနဲ့ အကောင်အထည်ဖော်ရတဲ့ စီမံကိန်းတွေဟာ အမေရိကန်အပါအဝင် အနောက်အုပ်စုစီးပွားရေးကော်ပိုရေးရှင်းကြီးတွေရဲ့ လက်ဝါးကြီးအုပ်စီမံကိန်းတွေပဲ ဖြစ်ခဲ့ရတယ်။ ဒီလိုနဲ့ အမေရိကန်အပါအဝင် အနောက်အုပ်စုနိုင်ငံကြီးတွေက ချမ်းသာသထက်ချမ်းသာလာပြီး ဖွံ့ဖြိုးဆဲနိုင်ငံတွေက ဆင်းရဲတွင်း နက်သထက်နက်လာမှုနဲ့အတူ ချေးငွေ ကြွေးမြီသံသရာထဲကနေ ရုန်းမထွက်နိုင်တော့ဘူး။

အမေရိကန်ရဲ့အလိုကျ နိုင်ငံရေး၊ စီးပွားရေးပုံသွင်းမှုတွေကို လက်မခံတဲ့နိုင်ငံငယ်တွေကို အမေရိကန်တို့ လုပ်လေ့လုပ်ထရှိတာကတော့ နည်းမျိုးစုံနဲ့ အကျပ်ကိုင် ဖိအားပေးတာတွေ၊ သူခိုးဓားပြကမ်းတာတွေ လုပ်လာတဲ့အပြင် စီးပွားရေးအရပိတ်ဆို့အရေးယူမှု (Sanction)၊ တည်ဆဲအစိုးရအပေါ် ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအကြောင်းပြပြီး ပြည်တွင်းပြည်ပက အထင်အမြင်လွဲမှား ပြစ်တင်ဝေဖန်လာအောင် ဦးဆောင်ကြံစည်လုပ်ဆောင်မှု၊ အစိုးရခေါင်းဆောင်ပိုင်းတွေကို လုပ်ကြံဖို့ လျှို့ဝှက်ကြံစည် နည်းပေးလမ်းပြလုပ်မှု၊ စစ်ရေးအရ ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက် ကျူးကျော်မှုတွေပဲ ဖြစ်တယ်။

ဒီမိုကရေစီလူ့အခွင့်အရေးနှင့် လွတ်လပ်မှု အကြောင်းပြပြီး ပြုလုပ်တဲ့ အမေရိကန်ရဲ့စစ်ရေးအရ ကျူးကျော်ဝင်ရောက်မှုတွေဟာ စစ်ဘက်ပစ်မှတ်၊ အရပ်ဘက်ပစ်မှတ်ဆိုပြီး ခွဲခြားထားတာ မဟုတ်ပါဘူး၊ တကယ်ခံစားသွားရတာက အပြစ်မဲ့ ပြည်သူတွေဆိုတာကို မမေ့သင့်ပါဘူး၊ ပူပူနွေးနွေး အီရတ်နိုင်ငံကိုပဲ ကြည့်ကြပါ။ ဆဒမ်ကြီးရဲ့ အုပ်ချုပ်ပုံကို မကြိုက်တဲ့သူတွေ အမေရိကန်ဝင်လာတာကို ကယ်တင်ရှင်ကြီး လာတယ်လို့ ထင်မိခဲ့တာ အခု ဘာတွေ ဘယ်လို ကြုံတွေ့ခံစားနေရသလဲဆိုတာ အားလုံးအသိပါပဲ။ ကမ္ဘာပြုမှု (Globalization)နဲ့ အမေရိကန်ပြုမှု (Americanization) ဆိုတာကို ခွဲခြားနိုင်ကြပါစေ။

ဒါကြောင့် မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီး ပြည်တွင်းပြည်ပမှ ဆန့်ကျင်လှုပ်ရှားနေကြသူတွေအနေနဲ့ ကိုယ့်နိုင်ငံ၊ ကိုယ့်အမျိုးသားအကျိုးစီးပွားကို အမှန်တကယ်တန်ဖိုးထားလေးစားတယ်ဆိုရင် ဘာမှ ပြည်ပအင်အားစုတွေကို ဆရာတင်အားကိုးနေစရာမလိုပါဘူး။ မြန်မာပြည်တွင်းက ပဋိပက္ခတွေကိုကိုယ့်ပြည်တွင်းမှာပဲ အဖြေရှာတာလောက်ကောင်းတဲ့နည်းလမ်းမရှိဘူးလို့ ယူဆမိတယ်။

အဲဒီလို အဖြေရှာကြတဲ့နေရာမှာ တစ်ခုတော့ရှိပါတယ်။ ဘာလဲဆိုတော့ မြန်မာ့နိုင်ငံရေး ပြောင်းလဲမှုဖြစ်စဉ်ကို ၁၉၈၈ အခြေအနေနဲ့ ပိုင်းဖြတ်ပြီး မသုံးသပ်ဘူးဆိုတာပါပဲ။ လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလ လွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်လာခဲ့တဲ့ ပဋိပက္ခဆိုင်ရာ အရင်းအမြစ်တွေကို မှန်မှန်ကန်ကန် ထဲထဲဝင်ဝင် သိမြင်သုံးသပ်လက်ခံဖို့တော့ လိုပါတယ်။

ပြည်တွင်းပြည်ပမှ ဆန့်ကျင်နေသူတွေထဲမှာ ကာလကြာမြင့်စွာ အမြစ်တွယ်မှုခိုင်မာနေတဲ့ ပဋိပက္ခတွေနဲ့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ပတ်သက်ခဲ့သူတွေ၊ ပတ်သက်နေသူတွေရှိနေပါတယ်။ အဲဒီလူတွေ အချင်းချင်းကြားမှာလဲ ပဋိပက္ခတွေရဲ့ အကြောင်းတရား စွမ်းပကားနဲ့ အကျိုးသက်ရောက်မှုတွေအပေါ် တစ်ဦးချင်းရဲ့ သီးခြားအမြင် သဘောထားတွေ ရှိနေတတ်တာ၊ ရှိနေကြတာကို သတိပြုရပါလိမ့်မယ်။

အဲဒီလူတွေမှာ သူတို့ရဲလက်ရှိရပ်တည်မှုကို အကာအကွယ်ဖြစ်စေမယ့် သူတို့နဲ့ ပတ်သက်နေတဲ့ ပဋိပက္ခတွေ၊ သူတို့ကိုယ်တိုင်ဖန်တီးထားတဲ့ ပဋိပက္ခတွေအပေါ် တစ်ဖက်သတ်အမြင်တွေလဲ ရှိနေတတ်ပြန်ပါတယ်။ သူတို့အနေနဲ့က လက်ရှိသူတို့အသိုင်းအဝိုင်းနဲ့ သူတို့ရဲ့ရပ်တည်လှုပ်ရှားမှုပိုင်းဆိုင်ရာတွေ ရေရှည်တည်တံ့ပြီး အထောက်အပံ့ဖြစ်စေဖို့အတွက် ကိုယ်စားပြုရပ်တည်နေကြသူတွေဆိုတော့ သူတို့ရဲ့တစ်ဖက်သတ်အမြင်တွေ၊ ဆင်ခြေတွေဟာ သူတို့အတွက်တော့ အဓိပ္ပာယ်ရှိနေမှာပါပဲ။ ဒါပေမယ့် တိုင်းပြည်ရဲ့ ပကတိလိုအပ်ချက်နဲ့တော့ ကင်းကွာပါတယ်။

ဒါကြောင့် ရှေ့မတိုးနောက်မဆုတ်သာတဲ့ အခြေအနေပေါ်မှာ ရပ်တည်နေကြတဲ့ ဆန့်ကျင်ဘက်အဖွဲ့များအနေနဲ့ အခြေအနေသစ်တစ်ခုကို လှမ်းတက်ချင်တယ်ဆိုရင်တော့ ပြည်သူတွေရဲ့ သဘောထားအမှန်ကို ပစ်ပယ်လို့မရသလို သက်ဆိုင်ရာ အာဏာပိုင်တွေနဲ့လဲ ပူးပေါင်းဆောင်ရွက်မှုဆိုတာကိုလဲ မလွဲမသွေလုပ်ကြရမှာ ဖြစ်ပါတယ်။

အဲဒါကြောင့် ဆန့်ကျင်ဘက်အဖွဲ့များအနေနဲ့က မြန်မာနိုင်ငံ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွေနဲ့ ပတ်သက်လို့ ကိုယ်ပိုင်ပိုင်နိုင်နိုင် မသိတဲ့ အင်အားကြီးနိုင်ငံကြီးတွေရဲ့ ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာအခင်းအကျင်းနဲ့ သေနင်္ဂဗျူဟာလုပ်ငန်းစဉ်တွေမှာ ကိုယ့်နိုင်ငံရဲ့ ကံကြမ္မာကို စစ်တုရင်ကွက်ထဲက နယ်ရုပ်တစ်ရုပ်ဖြစ်အောင် လုပ်နေကြမယ့်အစား အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက်

- အရာရာကို တည်ဆဲအစိုးရအပေါ် အပြစ်တင်၊ အပြစ်မြင်တဲ့ ပဋိပက္ခဆန်သော ဖြေရှင်းမှုနည်းလမ်း(The adversarial Way)ကိုပဲ အသေဆုပ်ကိုင်ထားမှာလား၊
- ကိုယ့်ရဲ့ရပ်တည်မှုကို ပြန်လည်သုံးသပ်ပြီး ကျရာအခန်းက ပူးပေါင်းဆောင်ရွက်ရေးအတွက် ချဉ်းကပ် ဆောင်ရွက်ကြမလားဆိုတာကို စဉ်းစားဖို့တော့လိုလာပါပြီ။ အချိန်မီပါသေးတယ်။ ။

...်အစိုးရ၊ ဘယ်ခေတ်၊ ဘယ်စနစ်မှာပဲဖြစ်ဖြစ် အဲဒီတိုင်းပြည်၊ အဲဒီ ...စနစ်တွေအပေါ် အားရကျေနပ်တဲ့သူနဲ့ မကျေနပ် မထောက်ခံတဲ့ ရှိစမြဲပါပဲ။ မထူးဆန်းပါဘူး။

မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွေနဲ့ ...်နိုင်မသိတဲ့၊ မသိနိုင်တဲ့ အင်အားကြီးနိုင်ငံကြီးတွေရဲ့ ကမ္ဘာလုံးဆိုင်ရာ ...းနဲ့ သေနင်္ဂဗျူဟာလုပ်ငန်းစဉ်တွေမှာ ကိုယ့်နိုင်ငံရဲ့ ကံကြမ္မာကို ...းချိတ်နေကြတာဟာ တော်တော်အဆင်အခြင်မဲ့တဲ့ လုပ်ရပ်လို့မြင်မိ

ပန်းမိုးဖြိုက်ဖြိုက်ရွာသောနေ့

* ဒို့ရွှေပြည်မှာ၊ နေခြည်ဖြာလို့
ညီလာခံသဘင်၊ ကြည်သာရွှင်ဘိ
မင်္ဂလာရှိပေ၊ ဘူမိမြေမှာ
ပြည့်ဝေလျှမ်းတောက်၊ ခေတ်သစ်ရောက်အောင်
တည်ဆောက်သူများ၊ တိုင်းရင်းသားပေါင်းစုံ
အားမာန်ဟုန်ကြွ၊ လက်တွဲကြလျက်
မြိုပျော်ရွှင်၊ ညောင်နှစ်ပင်စခန်း
တူယှဉ်လှမ်းချီ၊ မျှော်မှန်းရည်သည့်
ရွှေပြည်တော်သစ်၊ ပြည်သူ့ခေတ်ကို
ထုဆစ်မှုန်းသ၊ ရုပ်လုံးကြွဖို့
လုံ့လစိုက်ပြန်၊ အခြေခံဥပဒေ
အောင်မြင်စေရေး၊ ရေရှည်တွေးတော
သွေးပြောတာယုံ၊ ဘေးပြောဂုဏ်မဲ့
ကြုံခဲ့ပေါင်းများ၊ မယုံစားတော့
စိတ်ထားတူညီ၊ ယူဆညီသည့်
ညီကိုနောင်ထု၊ ပြည်ထောင်စုတွက်
ယခုဆွေးနွေး၊ ဆုံးဖြတ်ပေးမည့်
နောင်ရေးအနာဂတ်၊ တိုင်းပြည်မြတ်ကို
ပေးဆပ်သွားမည့် ရွှေနှလုံးသားများ . . .။

* အမျိုးသားညီလာခံ၊ အားသစ်မာန်ဖြင့်
ဝန်းရံလာလှမ်း၊ သည်စခန်းမှ
ပန်းမိုးဖြိုက်ဖြိုက်၊ သောင်းတစ်တိုက်တိုင်
ရွာလိုက်ဖြိုးဖြိုး၊ နံ့သာမိုး
ငြိမ်းသောချမ်းသော ဒို့လူမျိုး . . . ။ ။

ပျဉ်းမနားမြင့်လှိုင်

တရားမဝင် ပြည်ပမှခေါ်ဆိုမှုများနှင့် စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၂၀

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် အရည်အသွေးပြည့်မီသော ပြည်တွင်းပြည်ပ ဆက်သွယ်ရေးစနစ်များ ဖြစ်ပေါ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မသမာသူအချို့သည် ပြည်ပမှ အဝင်ခေါ်ဆိုမှု (Incoming Call)များကို ပြည်ပကုမ္ပဏီအချို့နှင့် ပူးပေါင်းပြီး တရားမဝင်နည်းလမ်းများဖြင့် ပြည်တွင်းသို့ ပေးပို့နေကြသဖြင့် ပြည်သူ့ဘဏ္ဍာငွေ ဆုံးရှုံးသည့်အပြင် ပြည်ပအဝင်ခေါ်ဆိုမှုများတွင် အသံအရည်အသွေး ညံ့ဖျင်းမှုများ၊ ဖက်စ်၊ အီးမေးလ်များ အသုံးပြု၍မရခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

ပြည်တွင်းနံပါတ်များဖြင့် ပြည်ပခေါ်ဆိုမှုများ ဝင်လာပါက ၎င်းပြည်တွင်းနံပါတ်များကို မှတ်သားပြီး မိမိ၏မည်သည့် ဖုန်းနံပါတ်ကို မည်သည့်အချိန်တွင် မည်သည့်ပြည်တွင်းနံပါတ်ဖြင့် ပြည်ပခေါ်ဆိုမှုများကို ခေါ်ဆိုသွားကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တိုင်ကြားမှုလက်ခံသည့် ဖုန်းနံပါတ်-၁၀၆(သို့မဟုတ်)ဖက်စ်နံပါတ်-၀၆၇-၄၂၂၁၀၆တို့သို့ဆက်သွယ် အကြောင်းကြားပေးနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန။

ရန်ကုန်တိုင်းမူးယစ်ကြီးကြပ်ရေးမှူးအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အမှတ် ၆၄ ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးအသင်း ရုံးခန်းမတွင် ယနေ့မွန်းလွဲ ၁နာရီက ကျင်းပသည်။

ဆွေးနွေး

အစည်းအဝေးပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာန ပြန်လည်ထူထောင်ရေးဌာန (မူးယစ်ဌာနစု)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးချွန်ဟရဲလ်က နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရန်နှင့် အသင်းဖွဲ့စည်းပုံမူကြမ်းများ ရေးဆွဲထားခြင်းကိုလည်းကောင်း၊ ရန်ကုန်ပြန်လည်ထူထောင်ရေးစခန်း မန်နေဂျာ ဦးလွင်ဦးက စခန်းနှင့်အသင်း ပူးပေါင်းဆောင်ရွက်မှုများကို လည်းကောင်း၊ အသင်းဥက္ကဋ္ဌ ဦးစံရှိန်က ရပ်ရွာ အခြေပြု ပြန်လည်ထူထောင်ရေး လုပ်ငန်းနှင့် နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုများကိုလည်းကောင်း ဆွေးနွေးပြောကြားကြပြီး မြို့နယ်ကြီးကြပ်ရေးမှူးများက မူးယစ်ဆေးဖြတ်ပြီး လူနာများအား စောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်ထားမှုများကို တင်ပြဆွေးနွေးကြသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်ပြန်လည်ထူထောင်ရေးစခန်းမှ တာဝန်ရှိသူများ၊ မူးယစ်ကြီးကြပ်ရေးမှူးအသင်း ရန်ကုန်တိုင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်ကြီးကြပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

(က-ပ)

ပြုပြင်တည်ဆောက်မှု လုပ်ငန်းများအတွက် ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၂၀

မော်လမြိုင်မြို့ မရမ်းကုန်း ရပ်ကွက်ရှိ ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ တည်ဆောက်မှုလုပ်ငန်းများ အမြန်ဆုံး ပြီးစီးနိုင်ရေးအတွက် ပါဝင်လှူဒါန်းလိုသူများသည် ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင် ဖုန်း- ၀၅၇-၂၅၅၃၁၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်နှင့် အတွင်းရေးမှူး ဦးမျိုးခိုင် ဖုန်း-၀၅၇-၂၄၆၉၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၂၁-၇-၂၀၀၇ ရက် (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	အတီးပြိုင်ပွဲ
၈း၀၅	၆။	ဆက်သွယ်ဆင့်ပွား ကျွန်းတောတံတား
၈း၁၅	၇။	တေးဂီတအစီအစဉ်
၈း၃၀	၈။	International News.
၈း၄၅	၉။	Grammar made Easy

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၅	၂။	တေးဂီတအစီအစဉ်
၁၁း၃၀	၃။	ပြည်တွင်းသတင်း
၁၁း၄၀	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅	၅။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၂၅	၆။	စစ်မှန်သောမျိုးချစ်စိတ်ဓာတ်
၁၂း၃၅	၇။	လောကနီတိ(၅) **"မေတ္တာအတိမ်အနက်ကို ချိန်စက်၍ ကြည့်သောအခါ"** ပိုင်ဖေရဲထွန်း၊စည်သူတင်စိုး၊ လင်းဇာနည်ဇော်၊ ခင်ဇာခြည်ကျော် (ဒါရိုက်တာ-ခင်ဇော်)
၁၃း၄၅	၈။	အလှတွင်အယဉ်ဆင့် အသွင်တင့်နေသည့် မိတ္ထီလာကန်
၁၄း၀၀	၉။	မူပာန်သွယ်သွယ်ဆိုကြမယ်
၁၄း၁၅	၁၀။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၄း၃၀	၁၁။	**"ပေါင်ပေါ်ကျတဲ့မီး"** ရဲအောင်၊ ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ ဘုန်းလျံ၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း (ဒါရိုက်တာ-မောင်မောင်မြင့်လွင်၊ မင်းအုပ်စိုး)
၁၄း၄၅	၁၂။	International News.

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သမိုင်းအထူးပြု) (သမိုင်း)
၁၆း၄၅	၄။	အာဆီယံနိုင်ငံအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း (အာဆီယံပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု)
၁၇း၀၅	၅။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၇း၃၀	၆။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈း၀၀	၇။	ညနေခင်းသတင်း
၁၈း၃၀	၈။	မိုးလေဝသအခြေအနေ
၁၈း၃၅	၉။	အလှရာမယ်လှကမ္ဘာဝယ်
၁၉း၀၀	၁၀။	မြန်မာ့ခြင်းလုံး
၁၉း၁၅	၁၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **"သမားတော်"** (အပိုင်း-၄၄)
၂၀း၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာနှောင်ကြိုး"** (အပိုင်း-၇)

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာကားပြပွဲ၌ ပြသထားသည့် ဆူဇူကီးမော်တော်ကားများကို ဇူလိုင် ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘေးဒုက္ခကြုံတွေ့နေရသည့် ကမ္ဘာ့ပြည်သူများအတွက် အလှူငွေများလိုအပ်

ဂျီနီဗာ ဇူလိုင် ၂၀

ယခုနှစ်တွင် ဘေးဒုက္ခနှင့် ဆိုးရွားစွာ ရင်ဆိုင်ကြုံတွေ့နေရသော ပြည်သူများအတွက် အကူအညီပေးရန် ငွေကြေး အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံခန့် သုံးစွဲရမည်ဖြစ်ရာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံခန့် လိုအပ်လျက်ရှိကြောင်း ကုလသမဂ္ဂ အကူအညီပေးရေးဆိုင်ရာ ထိပ်တန်းအရာရှိတစ်ဦးက ဇူလိုင် ၁၇ ရက်၌ ပြောကြားလိုက်သည်။

ထို့ကြောင့် လိုအပ်နေသောငွေကြေးများကို ထည့်ဝင်ကြရန် ကုလသမဂ္ဂ အရေးပေါ် ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးမှူး ဂျွန်ဟိုလ်မက်စ်က တိုက်တွန်းပြောကြားသည်။

လိုအပ်နေဆဲ

ယခုရရှိထားသော ငွေကြေးမှာ ယခင်နှစ်များကထက် အနည်းငယ်ပိုမိုသော်လည်း ပါလက်စတိုင်း၊ ဆိုမာလီယာနှင့် ဆူဒန်နိုင်ငံတို့ကဲ့သို့သော နိုင်ငံများအတွက် ထောက်ပံ့ငွေများလိုအပ်နေဆဲဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ကမ္ဘာ့ချမ်းသာသော နိုင်ငံများအနေဖြင့် အလှူငွေပိုမိုထည့်ဝင်ကြရန် မိမိတို့ တိုက်တွန်းနေကြောင်းလည်း ဂျွန်ဟိုလ်မက်စ်က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ယာဉ်မတော်တဆမှုကြောင့် ကွန်ဂို၌ ၁၈ ဦးသေဆုံး

ဘရက်ဇ်ဇာဗီလီ ဇူလိုင် ၂၀

ကွန်ဂိုနိုင်ငံတွင် ဇူလိုင် ၁၇ ရက်က ခရီးသည်အများအပြား တင်ဆောင်၍ အရှိန်ပြင်းစွာ မောင်းနှင်လာသော ကားတစ်စီး တိမ်းမှောက်ခဲ့ကြောင်း၊ ခရီးသည် ၁၈ ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တိမ်းမှောက်

ယင်းအာဖရိက အလယ်ပိုင်းနိုင်ငံ၏ အဓိကရေနံတင်ပို့သည့် ပွိုင်တီနွိုင်ရီ ဆိပ်ကမ်းအနီး လိုဗိုလိုဒေသရှိ လမ်းပေါ်၌ ဘရိတ်ပေါက်၍တိမ်းမှောက်ခဲ့ခြင်းဖြစ်ရာ ၁၅ဦးပွဲချင်းပြီးသေဆုံး၍ သုံးဦးမှာ ပွိုင်တီနွိုင်ရီဆေးရုံအရောက်တွင် ရရှိထားသောဒဏ်ရာဖြင့် သေဆုံးခဲ့သည်ဟု ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ကမ္ဘောဒီးယား ကျောင်းသားလေးဦး စင်ကာပူပညာတော်သင်ဆုရရှိ

ဖနောင်ပင် ဇူလိုင် ၂၀

၂၀၀၇ခုနှစ်အတွက် စင်ကာပူနိုင်ငံမှ ပညာသင်ဆုကို ကမ္ဘောဒီးယား ကျောင်းသားလေးဦး ဆုရရှိခဲ့ရာ ၎င်းတို့လေးဦးသည် သုံးနှစ်သို့မဟုတ် လေးနှစ်တာ ပညာသင်ကြားရန် ဇူလိုင်လကုန်၌ စင်ကာပူနိုင်ငံသို့ သွားရောက်ကြမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံရှိ စင်ကာပူသံရုံးကထုတ်ပြန်သော သတင်း၌ ဖော်ပြထားသည်။

အဆိုပါ ကျောင်းသားများသည် စင်ကာပူ အမျိုးသားတက္ကသိုလ်တွင် ပညာသင်ကြားရမည် ဖြစ်သည့်အပြင် နန်ယန် နည်းပညာတက္ကသိုလ်နှင့် စင်ကာပူစီမံခန့်ခွဲရေးတက္ကသိုလ်တို့၌လည်း ပညာဆည်းပူးနိုင်မည်ဖြစ်သည်။

သင်ယူ

သို့သော်လည်း အဓိကအားဖြင့် စီးပွားရေး၊ စီးပွားရေးစီမံခန့်ခွဲမှုနှင့် ငွေစာရင်းပညာရပ်များကို ကမ္ဘောဒီးယား ကျောင်းသားများက သင်ယူကြရမည် ဖြစ်သည်။

အဆိုပါ ပညာတော်သင်ဆုကို ၁၉၉၈ခုနှစ်က ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် (၆)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး၌ စင်ကာပူဝန်ကြီးချုပ် ဂိုချောက်တောင်က စင်ကာပူ ပညာတော်သင်ဆုပေးရန် ကြေညာခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ယခု ပထမနှစ်ဝက်အတွင်း တရုတ်၌ ရွှေထွက်ရှိမှုမြင့်တက်

ပေကျင်း ဇူလိုင် ၂၀

ယခုနှစ် ပထမနှစ်ဝက်အတွင်း တရုတ်နိုင်ငံ၏ ရွှေထွက်ရှိမှုမှာ ပြီးခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၁၅ ဒသမ ၂၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း အမျိုးသား စီးပွားရေးစီမံကိန်းဌာနက ဇူလိုင် ၁၇ ရက်က သတင်းထုတ်ပြန်သည်။

၂၀၀၇ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း ရွှေထွက်ရှိမှုမှာ ၁၂၂ ဒသမ ၂တန် ထွက်ရှိခဲ့ကြောင်း၊ ထိုသို့ရွှေထွက်ရှိမှု မြင့်တက်လာရခြင်းမှာ ရွှေတူးဖော်ရေးနည်းပညာများ တိုးတက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆူဒန်၌ရေလွှမ်း လူ၅၀ကျော်သေဆုံး၊ အိမ်ခြေ၁၈၀၀၀ခန့်ပျက်စီး

ခါတွန် ဇူလိုင် ၂၀

ဆူဒန်နိုင်ငံအရှေ့ပိုင်း၊ အရှေ့တောင်ပိုင်းနှင့် ခါတွန်မြို့ပတ်ဝန်းကျင်ဒေသများတွင် ဇူလိုင် ၁၉ ရက်က မိုးသည်းထန်ပြီး ရေလွှမ်းမှုဆိုးရွားစွာဖြစ်ပေါ်သဖြင့် လူ ၅၀ ကျော်သေဆုံးပြီး ၂၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ထိုသို့ရေလွှမ်းမှုကြောင့် အိမ်ခြေ ၁၈၀၀၀ခန့် ပျက်စီးခဲ့ရပြီး ရေဘေးဒုက္ခကြုံတွေ့နေရသူများအား အရေးပေါ်ကယ်ဆယ်ရေးရဟတ်ယာဉ်များ အသုံးပြုကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း လူ ၂ ဒသမ ၄ သန်းခန့် ရေဘေးဒုက္ခကြုံတွေ့နေရကြောင်း ၎င်းသတင်း၌ဖော်ပြသည်။

(အင်တာနက်)

ရုရှားတောင်ပိုင်း၌ ဗုံးပေါက်ကွဲ ရဲတပ်ဖွဲ့ဝင် လေးဦးသေဆုံး

မာခါချခလာ ဇူလိုင် ၂၀

ရုရှားနိုင်ငံတောင်ပိုင်း ဒါဂတ်စတန်ပြည်နယ်တွင် ဇူလိုင် ၁၈ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ရုရှားရဲတပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ကြောင်း ရုရှားရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ပြည်နယ်သည် ချေချင်းညာနယ်စပ်တွင်ရှိသော ပြည်နယ်တစ်ခုဖြစ်ပြီး ၁၉၉၄ ခုနှစ်မှ စတင်ကာ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သော နေရာတစ်ခုဖြစ်သည်။

ထိုဗုံးပေါက်ကွဲမှုမှာ ဒါဂတ်စတန်ပြည်နယ် မြို့တော်မာခါချခလာမြို့မှ မိုင် ၃၀ ခန့်အကွာ ကီဇီလ်ယွတ်မြို့၌ ဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်၌ ရေလွှမ်းမှုများမဖြစ်ပေါ်စေရေးအတွက် ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ကြိုတင်ကာကွယ်တားဆီးမှုများပြုလုပ်နေသည်ကို ဇူလိုင် ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ထိုင်းတောင်ပိုင်း၌ ဗုံးပေါက်ကွဲ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ ၁၈ဦးဒဏ်ရာရ

ဗန်ကောက် ဇူလိုင် ၂၀

ထိုင်းနိုင်ငံတောင်ပိုင်း၌ ဇူလိုင် ၁၇ ရက်က မော်တော်ဆိုင်ကယ်ဗုံးခွဲတိုက်ခိုက်မှုတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ၁၈ ဦး ဒဏ်ရာရရှိသွားကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးအာခရာတီပရော့က ပြောကြားသည်။

ဒဏ်ရာရရှိသူအများစုမှာ မှုခင်း စစ်ဆေးရေး ရဲတပ်ဖွဲ့ဝင်များ၊ စစ်ဘက်ဆိုင်ရာများ၊ သတင်းစာဆရာများ ဖြစ်သည်။ ၎င်းတို့သည် ထိုနေရာ၌ စောစောပိုင်းက ဗုံးခွဲမှုကို လာရောက်ကာ အာရုံစိုက်နေကြခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့သည် ဗုံးထောင်ချောက်များကို အမြဲတမ်း သတိရှိကြသူများဖြစ်သည်။ သို့သော် သူတို့ရောက်ရှိပြီး မိနစ်၂၀အတွင်း တစ်စုံတစ်ရာထူးခြားမှု မတွေ့ရ၍ အငိုက်မိခြင်းဖြစ်ကြောင်း ဗိုလ်မှူးကြီးအာခရာတီပရော့က ပြောကြားသည်။

တုံ့ပြန်တိုက်ခိုက်

ယာလာ၊ ပတ္တနီ၊ နာရာသီဝပ် ပြည်နယ်နှင့် အိမ်နီးချင်း ဆွန်ခလာပြည်နယ်များမှ စစ်သွေးကြွ ၃၀၀ ကျော်ကို ဖမ်းဆီးပြီးနောက် စစ်သွေးကြွများက ယင်းသို့ ပထမဆုံး တုံ့ပြန်တိုက်ခိုက်ခြင်း ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ယူအေအီး၌ ဆေးလိပ်တိုက်ဖျက်ရေး ဥပဒေရေးဆွဲ

အဘူဒါဘီ ဇူလိုင် ၂၀

အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)နိုင်ငံတွင် နေရာအနှံ့၌ ဆေးလိပ်သောက်မှု တားဆီးကာကွယ်ရေးအတွက် ဆေးလိပ်ဆေးရွက်ကြီးတိုက်ဖျက်ရေး ဥပဒေတစ်ရပ်ကို ထည့်သွင်းရေးဆွဲနေကြောင်း ယူအေအီးနိုင်ငံမှ ထိပ်တန်းအရာရှိတစ်ဦးက ပြောကြားသည်ဟု ခါလီတိုင်းမ်သတင်းစာက ဇူလိုင် ၁၇ ရက်၌ ဖော်ပြသည်။

ယူအေအီးနိုင်ငံ၌ လူမှုအဖွဲ့အစည်းအတွင်း ဆေးလိပ်သောက်မှု အလေ့အထ လျော့ကျရေးအတွက် ယခုကဲ့သို့ ဆေးလိပ်ဆေးရွက်ကြီး တိုက်ဖျက်ရေးဥပဒေကို ရေးဆွဲနေခြင်းဖြစ်ကြောင်း အဆိုပါသတင်းစာ၌ ဖော်ပြသည်။

ယူအေအီးနိုင်ငံတွင် ကျောင်းသားများနှင့် အရွယ်ရောက်စ လူငယ်များအကြား ဆေးလိပ်သောက်မှုကို အလေ့အထအဖြစ်မှ လျော့ကျသွားအောင် ဆောင်ရွက်သွားမည်ဖြစ်သည်ဟု ယူအေအီးနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးဖြစ်သူ အလီဘင်ရှုကူရာက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရှင်းလင်းဖယ်ရှား

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့၌ ခုနစ်ထပ် အဆောက်အအုံတစ်ခု ပြိုကျပြီးနောက် ကယ်ဆယ်ရေးလုပ်သားများက ရှင်းလင်းဖယ်ရှားနေသည်ကို ဇူလိုင် ၂၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများ ကျောင်းအင်္ဂါရပ်ကောင်းမွန်ရေး ဆောင်ရွက် ပညာရေးကဏ္ဍတိုးတက်လာအောင် ကျောင်းသား ကျောင်းသူများအား ဂရုစိုက်လေ့ကျင့်ပျိုးထောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို လှိုင်းဘွဲ့မြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၀

ကရင်ပြည်နယ် ဘားအံမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံ ခုတင်(၅၀) တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လှိုင်းဘွဲ့မြို့ အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းကာ မွန်းလွဲပိုင်းတွင် ဘားအံမြို့၌ ကရင်ပြည်နယ် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် ဘားအံမြို့မှ ဘားအံ–လှိုင်းဘွဲ့ ကားလမ်းအတိုင်း လှိုင်းဘွဲ့မြို့သို့ ထွက်ခွာကြပြီး လမ်းတစ်လျှောက်ရှိ ရော်ဘာစိုက်ခင်းများ၊ စပါးစိုက်လယ်များ၌ မိုးစပါးများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နံနက် ၈ နာရီခွဲတွင် လှိုင်းဘွဲ့မြို့ ပြည်သူ့ဆေးရုံ ခုတင်(၅၀) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ဆေးရုံအဆောက်အအုံ တည်ဆောက်ရေးတာဝန်ခံ ဟုမ်းတောက်ဆောက်လုပ်ရေးကုမ္ပဏီမှ ဒါရိုက်တာ ဦးမိုးကျော်နှင့် ဒါရိုက်တာ ဦးချန်စိန်တို့က ဆေးရုံအဆောက်အအုံများဖြစ်သည့် ပြင်ပလူနာဌာနဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်း၊ လူနာဆောင် နှစ်ဆောင်၊ ခွဲစိတ်သားဖွားဆောင်၊ သန့်စင်ခန်း နှစ်လုံးနှင့် စင်္ကြံလမ်းများအပါအဝင် အလျားပေ ၁၆၀၊ အနံ ၇၈ ပေ၊ အမြင့် ၁၄ ပေရှိ တစ်ထပ်သံကူကွန်ကရစ်အမျိုးအစား အဆောက်အအုံတည်ဆောက်မှုလုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်း ပြီးစီးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်နယ် ကျန်းမာရေးမှူး ဒေါက်တာဌေးနောင်နှင့် ဆေးရုံအုပ် ဒေါက်တာ အောင်မိုးဦးတို့က ဆေးရုံတည်ဆောက်မှုတွင် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက တင်ပြချက်များအပေါ် လိုအပ်သည်များကို မေးမြန်းဆွေးနွေးပြီး သတ်မှတ်ကာလအမီ စံချိန်စံညွှန်းပြည့်မီစွာပြီးစီးရေး၊ လုပ်ငန်းလိုအပ်ချက်အရ ဖြည့်စွက်ဆောင်ရွက်ရန် ရှိသည်များကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရေး၊ ခွင့်ပြုရန်ပုံငွေနှင့်အညီ သတ်မှတ်လုပ်ငန်းများကို တိကျစွာ ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် တည်ဆောက်ဆဲ ဆေးရုံသစ်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

တက်ရောက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် လှိုင်းဘွဲ့မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းခန်းမ၌ လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ပညာရေးမှူးက ပြည်နယ်၏ ပညာရေးကဏ္ဍ ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြောရာတွင် ကရင်ပြည်နယ်၏ ပညာရေးကဏ္ဍ တိုးတက်လာမှုအတွက် များစွာ နှစ်ထောင်းအားရဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရမည်ဟူသော လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်တစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းကို ကျောင်းအင်္ဂါရပ်ကောင်းမွန်ရေး အပါအဝင် အဆင့်အတန်းမြင့်မားအောင် ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း။

ပြုစုပျိုးထောင်

ကရင်ပြည်နယ်အနေဖြင့် ပညာရေးကဏ္ဍ တိုးတက်လာအောင် ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ဆရာ ဆရာမများနှင့် မိဘပြည်သူများက ကျောင်းသား ကျောင်းသူများအား ဂရုတစိုက် လေ့ကျင့်ပျိုးထောင် သင်ကြားပေးမှုကြောင့် ယခုဆိုလျှင် အခြေခံပညာအထက်တန်း စာမေးပွဲတွင် တိုးတက်မှုရရှိခဲ့ပြီဖြစ်ကြောင်း၊ ထိုမျှမကဘဲ မိမိတို့၏ တပည့် သားသမီးများကို နိုင်ငံတော်က အားထားရသော အတွေးအခေါ် အသိအမြင် မြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာသော နိုင်ငံသားကောင်းများ၊ လောကနီတိ မင်္ဂလာတရားတို့နှင့်အညီ ကိုယ်ကျင့်တရားကောင်းမွန်သော လူရည်ချွန် လူရည်မွန်များဖြစ်ပေါ်လာအောင် ပြုစုပျိုးထောင် သင်ကြားပေးကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများအတွက် ကျောင်းဝတ်စုံ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းခြင်း အစီအစဉ်ကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လှိုင်းဘွဲ့မြို့နယ် ပညာရေးမှူး ဒေါ်ဒီစဲန်းဒါထံ ကျောင်းဝတ်စုံနှင့် စာအုပ်စာရေးကိရိယာများ ပေးအပ်လှူဒါန်းသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီတွင် ဘားအံမြို့ရှိ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ကရင်ပြည်နယ် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့တက်ရောက်ကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးလုပ်ငန်းနှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကရင်ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအေးသိန်းက ပြည်နယ်၏ ဆီထွက်သီးနှံစိုက်ပျိုးမှုမှာ ၂၀၀၆–၂၀၀၇ ခုနှစ်တွင် မြေပဲ၊ နှမ်းနှင့် နေကြာစိုက်ဧက ၄၉၁၈၄ ဧကရှိပြီး ဆီဖူလုံမှုမှာ ၃၃ ဒသမ ၃၆ ရာခိုင်နှုန်းသာရှိမှု၊ ဆီဖူလုံရေး စီမံချက်ချမှတ်၍ သုံးနှစ်အတွင်း နှစ်စဉ်ဆီထွက်သီးနှံ တိုးမြှင့်စိုက်ပျိုး၍ ၂၀၀၉–၂၀၁၀ ခုနှစ်တွင် ဆီထွက်သီးနှံစိုက်ဧကပေါင်း ၁၃၅၁၀၉ ဧကအထိ တိုးမြှင့်၍ ဆီဖူလုံမှု ၁၀၁ ဒသမ ၄၂ ရာခိုင်နှုန်းရရှိအောင် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးလှကြီးက ကရင်ပြည်နယ်အတွင်း ဆီထွက်သီးနှံ တိုးမြှင့်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌက ပြည်နယ်အတွင်း ဆီထွက်သီးနှံစိုက်ပျိုးခြင်းကို ၂၀၀၇–၂၀၀၈ ခုနှစ်ကို အခြေခံနှစ်အဖြစ်ထားရှိပြီး ၂၀၀၉–၂၀၁၀ ခုနှစ်အထိ သုံးနှစ်အတွင်း ဆီဖူလုံမှုရရှိအောင် စီမံချက် ချမှတ်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက သက်ဆိုင်ရာ တာဝန်ရှိသူများအား လိုအပ်သည်များကို မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် ကရင်ပြည်နယ်သည် ဒေသ ဆန်ဖူလုံမှု ၁၄၀ ရာခိုင်နှုန်း ရှိနေပြီဖြစ်ကြောင်း၊ စပါးစိုက်ပျိုးမှုတွင် ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ သို့ရာတွင် ပြည်နယ်၏ စားသုံးဆီဖူလုံမှုမှာ ၃၃ ရာခိုင်နှုန်းကျော်ရုံမျှသာ ရှိသေးကြောင်း၊ ထို့ကြောင့် ဆီဖူလုံမှုရှိအောင် မဖြစ်မနေ လုပ်ဆောင်သွားရဦးမည်ဖြစ်ကြောင်း၊ ဆီအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို နှစ်စဉ်တိုးတက်အောင် လုပ်ဆောင်ရမည်ဖြစ်ရာ ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်းနှင့် နေကြာတို့ကို မြေယာအသစ်များ ဖော်ထုတ်လုပ်ကိုင်သွားရန်နှင့် လက်ရှိစပါးတစ်သီးသာစိုက်ပျိုးနေသော လယ်မြေများ၌ သီးထပ်အဖြစ် ဆက်လက်စိုက်ပျိုးသွားနိုင်လျှင် ရည်မှန်းချက်အတိုင်း အကောင်အထည် ပေါ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိုးစပါး တစ်သီးသာစိုက်ပျိုးနေသော လယ်မြေများတွင် ဆီထွက်သီးနှံများကို ပြည်နယ်၏ ဆီဖူလုံရေးအတွက် စိုက်ပျိုးသွားကြရန် တောင်သူများကို အသိပညာပေးစည်းရုံး ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ထို့အတူ မြေပဲနှင့် နှမ်းသီးနှံတို့ကို လက်ရှိ အထွက်နှုန်းထက် ပိုမိုကောင်းမွန်သော မျိုးများဖြင့် အစားထိုးစိုက်ပျိုးသွားရေးအတွက် လိုအပ်သောမျိုး ရရှိရေးနှင့် စိုက်ပျိုးရေးပညာပေးခြင်းတို့ကို ကျေးရွာအဆင့်အထိ သက်ဆိုင်ရာကျေးရွာနှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် လက်တွဲ ဆောင်ရွက်သွားကြစေလိုကြောင်း၊ ပြည်နယ်အဆင့်မှ ကျေးရွာအဆင့်အထိ အဆင့်ဆင့်သော တာဝန်ရှိသူများအနေဖြင့် သုံးနှစ်အတွင်း ဆီဖူလုံရမည်ဟူသော ဦးတည်ချက်ဖြင့် စီမံချက်များချမှတ်ကာ ဖိဖိစီးစီး လုပ်ကိုင်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့၏ ဖွံ့ဖြိုးတိုးတက်နေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

စာမျက်နှာ ၇ မှ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် ဝန်ကြီးများက ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် ဒေသခံပြည်သူများနှင့်အတူ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှု စစ်ဆေးကြသည်။

ယနေ့ဖွင့်လှစ်လိုက်သည့် ဒွန်ဘန်တံတားမှာ မြစ်ကြီးနား–နမ္မတီး–တနိုင်း–ပန်ဆောင်–လီဒိုလမ်း မိုင်တိုင် ၆၀/၀ ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာအနီး၌ တည်ရှိသည်။ တံတားအရှည်မှာ ၂၁၆ပေ၊ တံတားခန်းဖွင့်မှာ R.P.T သံပေါင် ၁၀၈ပေ ခန်းဖွင့် နှစ်ခန်း၊ ၆ပေပတ်လည် R.C.Box Culvert တစ်ခုဖြစ်သည်။

လမ်းအကျယ်မှာ ၁၅ ပေ ၆လက်မ၊ ခွင့်ပြုအလေးချိန်မှာ ၂၅ တန်နှင့် ရေလမ်းကင်းလွတ်အမြင့် ၈ ပေရှိပြီး တံတားအမျိုးအစားမှာ အပေါ်ပိုင်း R.P.T သံပေါင်နှင့် သံကူကွန်ကရစ်ကြမ်းခင်းအောက်ခြေပိုင်း ၉ ပေအချင်း၊ ရေတွင်းခွေအုတ်မြစ် ရေလယ်တိုင်နှင့် ၄ ပေအချင်း Spun-Pipe အုတ်မြစ်ကမ်းကပ်ခုံဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြေငလျင်သတင်း

ရန်ကုန် ဇူလိုင် ၂၀

ယနေ့မြန်မာစံတော်ချိန် ၁၆ နာရီ ၃၆ မိနစ် ၅၂ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၁၉၀၀ ခန့်အကွာ မြန်မာနိုင်ငံပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၅ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ချောက်ဂျီတီအိုင်ကျောင်းဆင်းမိသားစု ဝါဆိုသင်္ကန်း ကပ်လှူပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၀

ချောက်မြို့ ဂျီတီအိုင်ကျောင်းဆင်းမိသားစု၏ ၁၉ ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၁ ရက်တွင် ဝေဠုဝန်ကျောင်းတိုက် မြသလွန်ဘုရားအရှေ့ဘက်မကွေးမြို့တွင်လည်းကောင်း ၂၂ရက်တွင်အဘိဓမ္မာရတနာဃရဓမ္မာရုံ ဗဟန်း(၃)လမ်း မှတ်တိုင်အနီး ရန်ကုန်တွင် လည်းကောင်း၊ ၂၈ ရက်တွင် စွန်းလွန်းဝိပဿနာ ကမ္မဋ္ဌာန်းကျောင်း ၂၆ လမ်းနှင့် ၆၂ လမ်းထောင့် အောင်မြေသာစံမြို့နယ် မန္တလေးမြို့တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။ ချောက်ဂျီတီအိုင်ကျောင်းမှ (မည်သည့်နှစ်တွင်မဆို ကျောင်းဆင်းသည့်) ကျောင်းသားဟောင်းများအနေဖြင့် မိမိတို့နှင့်နီးစပ်ရာ မြို့များသို့ လာရောက်လှူဒါန်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဦးမောင်မောင်အုန်းမြင့် ဖုန်း–၀၉–၅၀–၁၅၆၇၈၊ ဦးကြည်ဝင်း ဖုန်း–၀၁–၆၈၁၈၉၆၊ ဦးကျော်ဝေ ဖုန်း–၀၉–၂၀၀၂၂၃၃ နှင့် ဦးခင်မောင်ဝင်း ဖုန်း–၀၉–၅၃၄၀၄၉၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

E-Library သို့ ပေးပို့လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ပညာရေးဝန်ကြီးဌာန၏ တက္ကသိုလ်များရှိ E-Library များ အဆင့်မြှင့်တင်ရေးနှင့် အချင်းချင်းချိတ်ဆက်နိုင်ရေးတို့ကို ဆောင်ရွက်ခဲ့ပြီး ယခုအခြားဝန်ကြီးဌာနများ၊ တက္ကသိုလ်နှင့်ကောလိပ်များရှိ E-Library များ အဆင့်မြှင့်တင်ရေးနှင့် အချင်းချင်းချိတ်ဆက်နိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။ Knowledge Base အဖြစ်ဆောင်ရွက်လျက်ရှိသည် E-Library On line စာကြည့်တိုက်စနစ်ကို ပိုမိုပြည့်စုံသော E-Library စနစ်ဖြစ်လာစေရန်အတွက် မှတ်တမ်းများ၊ စာအုပ်စာတမ်း၊ ဂျာနယ်များ၊ ဆောင်းပါးများနှင့် ပန်းချီကားများ၊ ဓာတ်ပုံများကို ပြည်တွင်း၊ ပြည်ပ တက္ကသိုလ်များနှင့် ပညာရေးဝန်ဆောင်မှုအဖွဲ့အစည်းများအား တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ၊ E-Library စနစ်သို့ ပေးပို့လှူဒါန်းရန် ဖိတ်ခေါ်ကြောင်းနှင့် ဆက်သွယ်ရန်လိပ်စာများမှာ စာကြည့်တိုက်မှူး တက္ကသိုလ်များဗဟိုစာကြည့်တိုက် e-mail: ucl@dhelm-edu.gov.mm ဖုန်း ၀၁–၅၃၆၉၂၇၊ ၅၃၄၉၇၉၊ ၅၃၅၈၄၇၊ ပါမောက္ခဌာနမှူး ရန်ကုန်တက္ကသိုလ် ကွန်ပျူတာ သိပ္ပံပညာဌာန e-mail: csyu @ dhelm-edu.gov.mm ဖုန်း–၀၁–၅၁၃၁၆၄ ရုံးအဖွဲ့မှူး၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဖုန်း–၀၆၇–၄၀၇၁၅၈၊ ဌာနမှူး၊ ပညာရေးရာဌာန၊ ဖုန်း–၀၁–၅၄၅၁၃၅၊ ၅၅၉၈၉၂ နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အင်ဂျင်နီယာချုပ်၊ သတင်းအချက်အလက်နှင့်နည်းပညာဌာန ဖုန်း–၀၆၇–၄၂၀၃၅၁ တို့ ဖြစ်ကြသည်။ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန E-Library ဆိုင်ရာ စာတမ်းဖတ်ပွဲကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် တက္ကသိုလ်ဝင်းရှိ Myanmar Info-Tech ခန်းမဆောင်ကြီး၌ ပြုလုပ်မည်ဖြစ်ပြီး အလှူရှင်များနှင့် စိတ်ဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း မိုင်းခတ်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ရှေးဦးစွာ မိုင်းခတ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငြိမ်းထွေးက မိုင်းခတ်မြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပြီးစီးမှု၊ ဆက်လက် စိုက်ပျိုးမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား ကိုယ်စားလှယ်များသို့ ခြံစည်းရိုးကြက်ဆူပျိုးပင်များ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်တို့က ခြံစည်းရိုးကြက်ဆူပျိုးပင်ကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဝမ်ပြန်ကျေးရွာ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား ကိုယ်စားလှယ်များက ခြံစည်းရိုးကြက်ဆူပျိုးပင်များကို တပျော်တပါး စိုက်ပျိုးကြသည်ကို ကြည့်ရှုအားပေးသည်။

မိုင်းခတ်မြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင်များကို ၂၀၀၆ ခုနှစ်၌ ၇၅၃၂ ဧက လျာထားပြီး ၁၀၁၂ ဧက စိုက်ပျိုးခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ၁၄၁၁၇ ဧက လျာထားပြီး ၇၇၁ ဧက စိုက်ပျိုးကာ ၃၈၉၆ ဧက ပျိုးထောင်ထားကြောင်း သိရသည်။

အားပေးစကားပြောကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ မိုင်းခတ်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ မိုင်းခတ်ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော အတွင်းလူနာများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို တစ်ဦးချင်းပေးအပ်ပြီး အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်၊ ဓာတ်ခွဲခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ်သုံးသိန်း ပေးအပ်ရာ ဆေးရုံအုပ်ဒေါက်တာ ဦးမိုးမြင့်ဇော်ဝင်းက လက်ခံသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မိုင်းခတ်မြို့နယ်ခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ မိုင်းခတ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငြိမ်းထွေးက ဒေသဖွံ့ဖြိုးတိုးတက်မှု စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တက်ညီလက်ညီ

ရှင်းလင်းတင်ပြချက်များ အပေါ် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်းက ပေါင်းစပ်ညှိနှိုင်းပေးပြီး အမှာစကားပြောကြားရာတွင်ဌာနဆိုင်ရာ ဝန်ထမ်းများက ဒေသခံတိုင်းရင်းသားပြည်သူများအား နိုင်ငံတော်၏ဆောင်ရွက်ချက်များကို သဘောပေါက်နားလည်အောင် စည်းရုံး၍ ပို၍ပို၍ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ဝန်ထမ်းများမိမိတာဝန်ကျေပွန်ရုံသာမက ဘက်စုံတတ်ကျွမ်းနားလည်အောင်စည်းရုံးရေးမှူးကောင်းများဖြစ်အောင် ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ရှေးရှုပြီး ဒေသဖွံ့ဖြိုးရေးတာဝန်များကို တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ထမ်းဆောင်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က အားကစားပစ္စည်းများ ပေးအပ်ရာ မိုင်းခတ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငြိမ်းထွေးက လက်ခံရယူသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ တွေ့ဆုံပွဲသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကြိုဆို

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ မိုင်းခတ်မြို့အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ပြည်နယ်ပညာရေးမှူး ဦးတင်အောင်၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ကို၊ ကျောင်းအုပ်ဆရာကြီး ကျင်ရှိန်းမုန်နှင့် ဆရာဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ကျောင်းစာကြည့်တိုက်၌ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူ ၁၆ ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ပံ့ပိုးပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ သိပ္ပံလက်တွေ့ခန်း၊ Language Lab၊ ကွန်ပျူတာခန်းနှင့် Learning Centre တို့ကို ကြည့်ရှု စစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက သိပ္ပံလက်တွေ့ခန်းသုံးပစ္စည်းများကို သက်ဆိုင်ရာ အတန်းလိုက် ကျောင်းသားကျောင်းသူအားလုံး ကိုင်တွယ်သုံးစွဲတတ်အောင် ဆရာ ဆရာမများက သင်ကြားပြသပေးရမည်ဖြစ်ကြောင်း၊ ကွန်ပျူတာကို သက်ဆိုင်ရာ အတန်းလိုက်ကျောင်းသားများအားလုံး အသုံးပြုတတ်ကျွမ်းသည်အထိဆရာ ဆရာမများက စေတနာထား သင်ကြားပြသပေးကြရမည်ဖြစ်ကြောင်း၊ သင်ကြားပို့ချမည့် အင်္ဂလိပ်စာသင်ခန်းစာ စာအုပ်၊ တိပ်ခွေနှင့်စီဒီအခွေတို့ကို ကျောင်းသူများ ၎င်းတို့အစီအစဉ်ဖြင့် မိတ္တူကူးယူ၍ နေအိမ်တွင် ကျက်မှတ်လေ့လာခြင်းဖြင့် ပိုမိုတတ်ကျွမ်းမှုရအောင် ဆရာ ဆရာမများက ကူညီပံ့ပိုးရမည်ဖြစ်ကြောင်းဖြင့် မှာကြားပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မိုင်းခတ်အခြေခံပညာ အထက်တန်းကျောင်းအတွက် ငွေကျပ် ၁၅သိန်းတန်ဖိုးရှိကွန်ပျူတာနှစ်လုံးကို ပံ့ပိုးပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မိုင်းခတ်တပ်နယ်ရှိ စိုးငြိမ်းအေးခန်းမ၌ မိုင်းခတ် တပ်နယ်မှ အရာရှိစစ်သည် မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အမှာစကားပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ မိုင်းခတ်မြို့ ဖွံ့ဖြိုးစည်ပင်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ မိုင်းခတ်မြို့မှ ကျိုင်းတုံမြို့သို့ မော်တော်ယာဉ်များဖြင့်ဆက်လက်ထွက်ခွာလာရာ လမ်းတစ်လျှောက်ရှိ ဝမ်တာပုံကျေးရွာ၊ ဝမ်မိုင်စံပြကျေးရွာ၊ တာကျောက်ကျေးရွာတို့၏ ဖွံ့ဖြိုးစည်ပင်မှုအခြေနေများကို လည်းကောင်း၊ ကျိုင်းတုံမြို့နယ် လမ်းဘေး ဝဲ/ယာ၌ အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစိုက်ခင်းများနှင့် စိမ်းလန်းစိုပြည်မှု အခြေအနေများကို လည်းကောင်း၊ ကျိုင်းတုံမြို့ ဖွံ့ဖြိုးစည်ပင်မှုအခြေအနေများကိုလည်းကောင်း ကြည့်ရှု စစ်ဆေးသည်။

စာမျက်နှာ ၁၃ ကော်လံ ၁

ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ အကြိုတ်အနယ်ယှဉ်ပြိုင်

ရန်ကုန် ဇူလိုင် ၂၀

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် အကြိမ်(၂၀)မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲများနှင့် အမျိုးသမီးတစ်ဦးချင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် အမျိုးသမီး တံခွန်စိုက်

ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်တစ်ခု ရရှိထားသူ ကျော်မြင့်ခိုင် (ရန်ကုန်တိုင်း)။
(မြန်မာ့အလင်း)

တစ်ဦးချင်းပြိုင်ပွဲဗိုလ်လုပွဲ၊ အမျိုးသားတံခွန်စိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီးတစ်ဦးချင်း ဗိုလ်လုပွဲများကို ယနေ့နံနက်ပိုင်း ရှိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ ပြည်နယ်နှင့်တိုင်း အမျိုးသမီးတစ်ဦးချင်းဗိုလ်လုပွဲ၌ ရန်ကုန်သူနှစ်ယောက် ဆုံတွေ့ကြရာ ဝါရင့်အတွေ့အကြုံရှိသူ လှလှဝင်းက စန္ဒာမိုးကို လေးပွဲပြတ်အနိုင်ရရှိပြီး ဗိုလ်စွဲသွားပြီး စန္ဒာမိုးက ဒုတိယ ရရှိသွားသည်။

လှလှဝင်း(ရန်ကုန်)သည် ၁၉၈၆ ခုနှစ်မှစတင်၍ စားပွဲတင်တင်းနစ်လောကသို့ဝင်ရောက်လာပြီး အဆိုပါနှစ်မှစတင်ကာ ၂၀၀၀ ပြည့်နှစ်အထိ ပထမလက်ရွေးစင်ဖြစ်လာပြီး ပြည်နယ်နှင့်တိုင်းပြိုင်ပွဲများတွင် အကောင်းဆုံးအားကစားသမားဆု နှစ်ကြိမ်ရရှိပြီး ဝန်ကြီးဌာန ပြိုင်ပွဲများတွင် (ဆောက်လုပ်ရေး)မှ ပါဝင်ကစားခဲ့ရာ ယနေ့ထက်တိုင်ဖြစ်သည်။

သတင်း-မြင်ကွင်းနှင့် ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ဗိုလ်စွဲနိုင်ခြင်းဖြစ်သည်။ သူမသည် ယခုပြိုင်ပွဲတွင် ရွှေနှစ်ခု၊ ငွေနှစ်ခုနှင့် ကြေးတစ်ခု ရရှိထားသူဖြစ်သည်။

တစ်ဦးချင်းပြိုင်ပွဲ

အမျိုးသားတံခွန်စိုက် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲဗိုလ်လုပွဲတွင် မြန်မာ့

အကြို ဗိုလ်လုပွဲ ယှဉ်ပြိုင်

အမျိုးသား တစ် ဦး ချင်း အကြိုဗိုလ်လုပွဲတွင် ကျော်မြင့်ခိုင် (ရန်ကုန်တိုင်း) ယှဉ်ပြိုင်ဟန်။
(မြန်မာ့အလင်း)

သူမသည် နိုင်ငံတကာပြိုင်ပွဲများအနေဖြင့် ၂၀၀၀ပြည့်နှစ် ဟောင်ကောင်တွင်ကျင်းပခဲ့သည့် အရှေ့တောင်အာရှလက်ရည်စစ်ပွဲ ပါဝင်ကစားခဲ့သည်။ သူမ အသက်၃၈နှစ် ရှိသော်လည်း ပြိုင်ပွဲအတွေ့အကြုံများ၍ ယခုကဲ့သို့ လက်ရွေးစင် ဆွေဆွေဟန်(ရန်ကုန်တိုင်း)က အေးအေးမြင့် (ရန်ကုန်တိုင်း)ကို လေးပွဲပြတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပြည်နယ်နှင့်တိုင်း အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ လှမျိုးခိုင်နှင့် အောင်ထွဋ် (ရန်ကုန်တိုင်း)၊ ဒုတိယ ကျော်မြင့်ခိုင်နှင့် ကိုကိုမင်းအေး (ရန်ကုန်တိုင်း)၊ ပူးတွဲတတိယ အောင်ဝင်းနှင့် ညီညီဦး [ရှမ်းပြည်နယ် (မြောက်ပိုင်း)]၊ ဆုသူရသိန်းနှင့် နေလင်း (ကရင်ပြည်နယ်)တို့ဖြစ်ကြသည်။

အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ ဆွေဆွေဟန်နှင့် စန္ဒာမိုး (ရန်ကုန်တိုင်း)၊ ဒုတိယစုစုခင်နှင့် လှလှဝင်း (ရန်ကုန်တိုင်း)၊ ပူးတွဲတတိယ ခင်နွဲ့စန်းနှင့် မိမိကြည် (ကချင်ပြည်နယ်)၊ အေးမြတ်သူနှင့် ပပဝင်း (မွန်ပြည်နယ်)တို့ ရရှိသွားသည်။

အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ အောင်ထွဋ်နှင့် ဆွေဆွေဟန် (ရန်ကုန်တိုင်း)၊ ဒုတိယ လှမျိုးခိုင်နှင့် လှလှဝင်း(ရန်ကုန်တိုင်း)၊ ပူးတွဲတတိယ ဖုန်းနိုင်နှင့် သိမ့်ယမင်းအေး (ပဲခူးတိုင်း)၊ တင်မောင်ဦးနှင့် မြင့်မြင့်လှိုင်(ဧရာဝတီတိုင်း)တို့ ရရှိကြသည်။

အမျိုးသမီး တစ်ဦးချင်းတံခွန်စိုက်ပြိုင်ပွဲတွင် ပထမ ဆွေဆွေဟန်(ရန်ကုန်တိုင်း)၊ ဒုတိယ အေးအေးမြင့် (ပဲခူးတိုင်း)၊ တတိယ လှလှဝင်း (ရန်ကုန်တိုင်း)တို့ ရရှိကြသည်။

တံခွန်စိုက်ပြိုင်ပွဲ

၂၀၀၇ခုနှစ် အမျိုးသား တံခွန်စိုက် အသက် ၁၈ အောက် အမျိုးသား တစ်ဦးချင်း ပြိုင်ပွဲတွင် ပထမ မြန်မာ့လက်ရွေးစင် သက်ကိုကိုလတ် (မွန်ပြည်နယ်)၊ ဒုတိယ မြန်မာ့လက်ရွေးစင် ရဲအောင်နိုင်(ရန်ကုန်တိုင်း)နှင့် တတိယ ကြည်လင်း ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့ရရှိပြီး အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ မအေးမြတ်သူ (မွန်ပြည်နယ်)၊ ဒုတိယ ဖြူဖြူသန်း (မကွေးတိုင်း)၊ တတိယ မဇင်ဇင်သက် (မွန်ပြည်နယ်)တို့ ရရှိကြသည်။

မျိုးဆက်သစ်

အသက် ၁၆နှစ် သမီးလေး အေးမြတ်သူ(မွန်ပြည်နယ်)သည် ယခုပြိုင်ပွဲကြီးတွင် ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်သုံးခု ရရှိထားပြီး နိုင်ငံအတွက် အားထားရမည့် မျိုးဆက်သစ်လူငယ်တစ်ဦးဖြစ်သည်။

အမျိုးသား တံခွန်စိုက်ပြိုင်ပွဲတွင် ပထမ သက်ကိုကိုလတ်(ဘဏ္ဍာ/အခွန်)၊ ဒုတိယ အောင်ထွဋ် (ကာကွယ်ရေး)နှင့် တတိယ ကြည်မြင့်(ပြည်ထဲရေး)တို့ ရရှိကြသည်။ အဆိုပါ ပြိုင်ပွဲကြီးတွင် မြန်မာချန်ပီယံ သက်ကိုကိုလတ်သည် ရွှေနှစ်ခု၊ ငွေတစ်ခု ရရှိထားပြီး ပြည်နယ်နှင့်တိုင်း အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲတွင် ကျော်မြင့်ခိုင်(ရန်ကုန်တိုင်း) နှင့် ယှဉ်ပြိုင်ရန် တစ်ပွဲကျန်ရှိသည်။

ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်တစ်ခု ရရှိသူ လှလှဝင်း (ရန်ကုန်တိုင်း)။
(မြန်မာ့အလင်း)

ကျော်မြင့်ခိုင် (ရန်ကုန်တိုင်း)သည် ယခုပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်တစ်ခု ရရှိထားသူဖြစ်သည်။

ယနေ့ပြိုင်ပွဲအပြီးတွင် ရန်ကုန်တိုင်းအသင်းသည် ရွှေတံဆိပ်ခုနစ်ခု၊ ငွေတံဆိပ်ခြောက်ခုနှင့် ကြေးတံဆိပ်သုံးခုဖြင့် ထိပ်ဆုံးမှ ဦးဆောင်ယှဉ်ပြိုင်လျက်ရှိပြီး မွန်ပြည်နယ်အသင်းသည် ရွှေလေးခု၊ ငွေတစ်ခုဖြင့် ဒုတိယလိုက်နေသည်။

ယှဉ်ပြိုင်မည်

ဇူလိုင် ၂၁ရက် **(ယနေ့)** နံနက်ဇနာရီတွင် ပြည်နယ်နှင့်တိုင်း အမျိုးသား တစ်ဦးချင်း ဗိုလ်လုပွဲအဖြစ် မြန်မာ့လက်ရွေးစင် သက်ကိုကိုလတ် (မွန်ပြည်နယ်)နှင့် လက်ရွေးစင်ဟောင်း ကျော်မြင့်ခိုင် (ရန်ကုန်တိုင်း) တို့ အနိုင်ရ ဗိုလ်စွဲနိုင်ရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ဗိုလ်လုမည် ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်သုံးခု ရသွားသော အသက် ၁၆နှစ်သမီး အေးမြတ်သူ (မွန်ပြည်နယ်)။
(မြန်မာ့အလင်း)

စာမျက်နှာ ၁၂ မှ

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ကျိုင်းတုံမြို့ သာသနာ့ ဗိမာန်တော်ကြီး၌ ကျင်းပသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) စုပေါင်းဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ ဝါဆိုသင်္ကန်းနှင့်ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ သာသနဝေပုလ္လ ပရိယတ္တိစာသင်တိုက်ဆရာတော် မဟာဓမ္မာစရိယ မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝိဇယ အမှူးပြုသော သံဃာတော်များ၊သီလရှင်ဆရာလေးများ ကြွရောက်တော်မူကြပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

တရားနာယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်လိုက်ပြီး သာသနဝေပုလ္လ ပရိယတ္တိစာသင်တိုက် ဆရာတော် မဟာဓမ္မာစရိယ မဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တဝိဇယထံမှ ငြိမ့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး သာသနဝေပုလ္လပရိယတ္တိစာသင်တိုက်ဆရာတော် အမှူးပြုသော သံဃာတော်များက ရွတ်ပွားသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် သာသနဝေပုလ္လ ပရိယတ္တိစာသင်တိုက် ဆရာတော်အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆန်၊ဆီ၊ဆား၊ ဆေး၊ ဆပ်ပြာတို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် သံဃာတော်များအား တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တပ်မတော်အရာရှိကြီးများ၊ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများက ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထု ပစ္စည်းများနှင့် ဆွမ်းဆန်တော်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထိုအချိန်တွင် သီလရှင်ဆရာလေးတို့အား တိုင်းမှူး၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များကလှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်တို့ကို ဆက်ကပ်လှူဒါန်းသည်။

အမျှဝေ

ယင်းနောက် သာသန ဝေပုလ္လ ပရိယတ္တိ စာသင်တိုက်ဆရာတော်ထံမှ ငြိမ့်ပရိသတ်တို့က အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အဆိုပါလှူဒါန်းပွဲနှင့်သင်္ကန်း၊လှူဖွယ်ဝတ္ထုပစ္စည်းများအပြင် ဆန်အိတ် ၁၀၀၊ ဆီ ၁၀ ပုံး၊ ဆား ၁၁အိတ်၊ဆေးဘူး ၁၀၀၊ ဆပ်ပြာတုံး ၂၅၀ တန်ဖိုးငွေ စုစုပေါင်း ကျပ်နှစ်ဆယ့်ခြောက်သိန်း ခုနစ်သောင်း ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်းမှော်ဘီမြို့နယ် အမှတ်(၁)ရပ်ကွက် ကျိုက်ဒေးဒလွန်ဘုရားအနီးရှိ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတွင် ရန်ကုန်တိုင်းသံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တကောသလ္လအမှူးပြု၍ မှော်ဘီမြို့နယ်သံဃနာယကအဖွဲ့အကျိုးဆောင်သံဃာတော်အရှင်မြတ်များအား ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဒုလ္လဘရဟန်းခံခြင်းနှင့် တော်ဝင်ရွှေ ရေသိမ်တော် ရေစက်ချအခမ်းအနားကို ဇူလိုင် ၂၂ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မင်းဘူးခရိုင်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂၀

မင်းဘူးခရိုင်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ ဗဟန်းကြားတောရလမ်း ကုန်သွယ်လယ်ယာဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့နေ မင်းဘူးခရိုင်အသင်းဝင်များ၊ စကု၊ စလင်း၊ လယ်ကိုင်း၊ ပွင့်ဖြူ၊ ဆင်ဖြူကျွန်း၊ ငဖဲမြို့နယ်များမှ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများပါ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ ဝါဆိုသင်္ကန်းကပ်လှူပွဲ အလှူဒါနပြုလိုသူများသည် ဥက္ကဋ္ဌ ဦးဝင်းဖေ(ဆောက်/လျှပ်) ဖုန်း-၇၀၄၇၉၆ နှင့် အတွင်းရေးမှူး ဗိုလ်မှူးတင့်ဝေ(ငြိမ်း) ဖုန်း- ၅၇၇၇၄၃ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

NLD ပါတီကို ယုံကြည်မှုမရှိ၊ ပါတီ၏လုပ်ရပ်များကို စိတ်ဝင်စားမှုမရှိ စစ်ကိုင်းတိုင်းအရာတော်မြို့နယ်မှ ပါတီဝင် ၉၄ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇူလိုင် ၂၀

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးကံပို၊ ဒေါ်ခင်တုတ်၊ ဦးကုလား၊ ဦးမြေဝင်း၊ ဦးထွန်းသွင်၊ ဦးထွန်းတင့်၊ ဦးအေးမောင်နှင့် ဦးမြင့်တို့အပါအဝင် ပါတီဝင် ၉၄ဦးတို့သည် ဇူလိုင် ၆ ရက်က ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLDပါတီကိုယုံကြည်မှုမရှိတော့ကြောင်း၊ NLDပါတီ၏လုပ်ရပ်များကို စိတ်ဝင်စားမှုမရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ စီးပွား/ကူးသန်းက သစ်တောရေးရာကို အနိုင်ရ

နေပြည်တော် ဇူလိုင် ၂၀

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ ခုနှစ် ပထမအကြိမ်နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ဆက်လက်ကျင်းပရာ ပြိုင်ပွဲသို့ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ အရာထမ်းအမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပေါင်းလောင်းအားကစားကွင်း

ညနေ ၄ နာရီပွဲ (ခခ) အုပ်စု

စီးပွား/ကူးသန်း	**သုံးဂိုး။**
သစ်တော	**ဂိုးမရှိ။**

ဇူလိုင် ၂၁ ရက်တွင် နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ (ခခ) အုပ်စုမှ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အသင်းနှင့် သမဝါယမ ဝန်ကြီးဌာန အသင်းတို့သည်လည်းကောင်း၊၂၂ရက်တွင်(ဂဂ)အုပ်စုမှ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ သည်လည်းကောင်း၊ ၂၃ရက်တွင် (ဂဂ) အုပ်စုမှ အားကစားဝန်ကြီးဌာနအသင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့ သည်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(က-ပ)**

ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ၏ (ခခ)အုပ်စုမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

၂၀၀၇ ခုနှစ်၊ ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယအဆင့် ရှုံး/ထွက်ပြိုင်ပွဲ၊ ပွဲစဉ်ဇယား

ကစားကွင်းများ

(၁) ကွာတားဖိုင်နယ် = ပေါင်းလောင်းကွင်း
(၂) အကြိုဗိုလ်လုပွဲ = နေပြည်တော်ကွင်း(၁)
(၃) တတိယနေရာလုပွဲ = ပေါင်းလောင်းကွင်း
(၄) ဗိုလ်လုပွဲ = နေပြည်တော်ကွင်း(၁)

ကစားမည့်အချိန်

ညနေ(၁၆:၀၀)နာရီ

ကက(ပ)
၁။
၁၄-၈-၂၀၀၇
ပေါင်းလောင်းကွင်း
၂။
ဂဂ(ဒု)

အကြိုဗိုလ်လုပွဲ(၁)
နေပြည်တော်ကွင်း(၁)
၂၀-၈-၂၀၀၇

ခခ(ပ)
၃။
၁၅-၈-၂၀၀၇
ပေါင်းလောင်းကွင်း
၄။
ဃဃ(ဒု)

တတိယလုပွဲ
ပေါင်းလောင်းကွင်း
၂၃-၈-၂၀၀၇

ဗိုလ်လုပွဲ
နေပြည်တော်ကွင်း(၁)
၂၄-၈-၂၀၀၇

ဂဂ(ပ)
၅။
၁၆-၈-၂၀၀၇
ပေါင်းလောင်းကွင်း
၆။
ကက(ဒု)

အကြိုဗိုလ်လုပွဲ(၂)
နေပြည်တော်ကွင်း(၁)
၂၁-၈-၂၀၀၇

ဃဃ(ပ)
၇။
၁၇-၈-၂၀၀၇
ပေါင်းလောင်းကွင်း
၈။
ခခ(ဒု)

ပြိုင်ပွဲကျင်းပရေးကော်မတီ

ဟာဝိုင်ရီကျွန်း၌ မုန်တိုင်းတိုက်ခတ်၊ ကမ်းခြေဒေသများရေလွှမ်းနိုင်

ဟာဝိုင်ရီ ဇူလိုင် ၂၀

အမေရိကန်နိုင်ငံ ဟာဝိုင်ရီကျွန်းတောင်ဘက်တွင် ဇူလိုင် ၂၀ ရက်က မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ ပင်လယ်ပြင်၌ ရှစ်ပေခန့်မြင့်သော လှိုင်းများဖြစ်ပေါ်ခဲ့သည်ဟု အင်တာနက်သတင်း၌ ဖော်ပြသည်။

<u>သတိပေးချက်ထုတ်ပြန်</u>

ထို့ကြောင့် ဟာဝိုင်ရီကျွန်း ကမ်းခြေဒေသများ၌ ရေလွှမ်းမှုများဖြစ်ပေါ်လာနိုင်ကြောင်း အမေရိကန် မိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ထားသည်ဟု ၎င်းသတင်းတွင် ဖော်ပြသည်။

ဗြိတိန်၌ မိုးသည်းထန်ပြီးရေလွှမ်း၊ ဒေသခံပြည်သူများရွှေ့ပြောင်း

လန်ဒန် ဇူလိုင် ၂၀

ဗြိတိန်နိုင်ငံတောင်ပိုင်းဒေသများတွင် ဇူလိုင် ၂၀ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ရာ **(အောက်ပုံ)**ဒေသခံပြည်သူ ရာပေါင်းများစွာ ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ရေနစ်မြုပ်

ရေလွှမ်းမှုဒဏ် ဆိုးရွားစွာခံရသောအရပ်များမှာ ယော့ခ်ရှိုင်းယားနှင့် လင်ကွန်းရှိုင်းယားတို့တွင်ဖြစ်ပြီး ယော့ခ်ရှိုင်းယားအရပ်၌ အိမ်များရေနစ်မြုပ်ခဲ့ကြောင်း ၎င်းသတင်း၌ဖော်ပြသည်။

မြန်မာ့အလင်း

အင်တာနက်

ဖောင်ပိတ်သတင်း

21-7 (13) 1 7/21/07, 3:11 AM

မင်္ဂလာဆောင်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်ကြင်းမြိုင်အိမ်ရာနေ
ဦးသန်းထွန်း(Bosun, Uniteam Marine Ltd.)–ဒေါ်သိန်းသိန်းရီတို့၏သားငယ်

မောင်ကျော်မင်းထွန်း(ခ)ခန့်နောင် (2nd Year, Eco) 2nd Mate (F.G)
(4th Officer, Uniteam Marine Ltd.)

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်းနေ
(ဒေါက်တာဦးမင်းဆွေ)–ဒေါ်စိမ်း(Philippine Embassy) တို့၏သမီးငယ်

မနှင်းနုဆွေ B.Sc (Zoology)

တို့၏ ၁၅–၇–၂၀၀၇ရက်(တနင်္ဂနွေနေ့)တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်အေဘယ်(လ်)(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်သိန်းမူ၊ H.E Mr.Noel C.Cabrera (Ambassador, Philippine Embassy) နှင့်ဇနီး Mrs. Ces Cabrera ၊ ယုဇနကုမ္ပဏီလီမိတက်မှ အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဦးဌေးမြင့်၏ဇနီး ဒေါ်အေးအေးမော်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ယုဇနကုမ္ပဏီလီမိတက်မှမန်နေဂျင်းဒါရိုက်တာ ဒေါက်တာမြတ်လှိုင်နှင့်ဇနီးဒေါ်မြဝေအားလည်းကောင်း၊ မင်္ဂလာလက်စွပ်များချီးမြှင့်ပေးပါသော Mr.Robert A.Bareနှင့်ဇနီး Mrs Yoko Bare တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးတေးသီချင်းသီဆိုပေးပါသော တေးသံရှင် ဒေါ်နွဲ့ယဉ်ဝင်း၊ တေးသံသာများဖြင့် ဖျော်ဖြေပေးသော Ghost Rider တေးဂီတအဖွဲ့မှ ကိုမျိုးမျိုးနှင့်တေးသံရှင်များအားလည်းကောင်း၊ မိတ်ကပ်ဆံပင်နှင့် မင်္ဂလာဝတ်စုံအလှဆင်ပေးသော ခင်စန်းဝင်းနှင့်အဖွဲ့၊ ဖက်ရှင်ဒီဇိုင်း အကြံပေးသော Golden Glory Fashion မှဆရာမ ဒေါ်နန်းခမ်းဖူး၊ လက်ဝတ်ရတနာအလှဆင်ပေးသော တော်ဝင်သူရတနာဆိုင်၊ ပန်းအလှပြင်ခင်မောင်ဝင်း၊ ဗီဒီယိုမှတ်တမ်းတင်ပေးသော ဒါရိုက်တာ K သောင်းနှင့်အဖွဲ့၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပေးသော ဒါရိုက်တာ ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ သတို့သားအရံ မောင်သက်ထွဋ်ဦးနှင့် မောင်အောင်ကျော်ဌေး၊ သတို့သမီးအရံ မစုမြတ်သဥ္ဇာနှင့်မချစ်အိဇော်၊ မင်္ဂလာပန်းကြဲပေးသော မခင်စန္ဒာထွန်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ဗန်းများကိုင်ဆောင်ပေးကြသော မခင်ရူပါထွန်း၊ မအိရဝေမင်းနှင့် မဆွေဇင်ဦးတို့အားလည်းကောင်း၊ အစစအရာရာကူညီပေးကြပါသော သူငယ်ချင်းများအားလုံး၊ Sedona Hotel မှ မန်နေဂျာနှင့်တကွ ဝန်ထမ်းအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်မောင်ကျော်မင်းထွန်း–မနှင်းနုဆွေ။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့၊ မိုးကောင်းရပ်၊ အမှတ် ၁၀၀နေ
ဦးနေအောင်–ဒေါ်ခင်မာကြည်တို့၏သား

မောင်နေလင်းအောင်
B.E. (Mechanical)
M.Sc (Building Science) (National University of Singapore)
Engineer (Takasago Singapore Pte., Ltd.)

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မဟာမြိုင်လမ်း၊ ၃၁(အိုင်) ၅(ဘီ)နေ
ဦးအောင်ကျော်စိုး–ဒေါ်ခင်ဝင်းရည်တို့၏သမီး

မဆုရည်အောင်
B.A (English)
CAT, B.Sc (Hons) AA (Oxford Brookes University). ACCA Part III (UK)
Accounts Executive (HH Mfg Singapore Pte., Ltd.)

တို့၏ ၁–၇–၂၀၀၇ရက် (တနင်္ဂနွေနေ့)တွင် Hotel Phoenix Singapore၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် သူငယ်ချင်းများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်နေလင်းအောင်–မဆုရည်အောင်။

အမြန်ရောင်းမည်

၁။ ခရေပင်ရိပ်မွန် – Short House– 2 RC (ညှိနှိုင်း)
၂။ ရွှေပင်လုံအိမ်ရာ – မ/ဒဂုံ Duplex- 55ပေ x ပေ 70 2 RC (ညှိနှိုင်း)
၃။ စမ်းချောင်း သီရိလမ်း $12\frac{1}{2}$ x 55ပေ –မြေညီ (ညှိနှိုင်း) **ဖုန်း–၀၉–၅၀–၂၄၂၃၇။**

PANDA

- လေအေးပေးစက်
- ရေခဲသေတ္တာ
- အဝတ်လျှော်စက်
- Boiler ရေပူရေအေးစက်
- ★ ရောင်းဝယ်ပြုပြင်၊တပ်ဆင်၊ ဆေးကြောခြင်း။
- ★ အိမ်အရောက်ဆောင်ရွက်ပေးပါသည်။

ဖုန်းဆက်လိုက်ပါ
09-5158803
09-5198402
373531

အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

(၁) **အင်္ဂလိပ်–မြန်မာ ဘာသာပြန် ကျား(၂)ဦး**
အင်္ဂလိပ်မှ မြန်မာဘာသာသို့ ကျွမ်းကျင်နိုင်နင်းစွာ ဘာသာပြန်ဆိုနိုင်သူဖြစ်ရမည်။
(၂) **ပြည်တွင်းသတင်းထောက် ကျား(၂)ဦး**
ပြည်တွင်းအားကစားသတင်းများကို အမှန်တကယ် စိတ်ပါဝင်စားသူဖြစ်ရမည်။

- * အထက်ပါ လျှောက်ထားသူများသည် ဘောလုံးအားကစားကို အမှန်တကယ် စိတ်ပါဝင်စားသူဖြစ်ရမည်။
- * အသက်(၃၀)အောက်၊ ဘွဲ့ရဖြစ်ရမည်။
- * ဓာတ်ပုံ(နှစ်)ပုံနှင့် အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။
- * ရဲစခန်းမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာပါရှိရမည်။

ဆက်သွယ်ရန်လိပ်စာ – အမှတ် ၂၀၁၊ ရွှေဘုံသာလမ်း(အလယ်ဘလောက်)၊ ပထပ်(ယာ)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၂၄၂၂၈၇၊ ၀၉–၅၀–၃၀၂၀၀။
* **မွန်းလွဲ ၁း၀၀နာရီမှ ညနေ ၅း၀၀နာရီအထိ** ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်းဆက်သွယ်ရန်။ **(ပိတ်ရက်မရှိပါ)**

ဦးမောင်မောင်ပြည့်စုံ B.A (Eng) YUFL, Dip in (ELTM),MA (TEFL) ဦးစီးသင်ကြားပေးနေသော နိုင်ငံတကာအဆင့်မီ အင်္ဂလိပ်စာ သင်တန်းများ

TECH's English Programmes

(အင်္ဂလိပ်စာ ဘာသာစကားကို အမှန်တကယ်တတ်မြောက်လိုသူများအတွက် သင်ကြားနေဘွဲ့ရ၊ အတွေ့အကြုံရှိ ဆရာဆရာမများမှ သင်ကြားပေးနေပြီ)

English for Young Learners
- Pre - Starters
- Starters
- Movers
- Flyers
- PET

လစဉ် တန်းခွဲသစ်များ ဖွင့်နေပါပြီ။

English for Standard Communication
- Communicative Spoken English Course
- Pre-Intermediate English Course (4 Skills)
- Intermediate English Course (4 Skills)

English for Specific Purposes
- English Courses for Engineers
(Engineers များအတွက် အင်္ဂလိပ်စာသင်တန်း)
- English Courses for Overseas Workers
(နိုင်ငံခြားသွားမည့်သူများအတွက် အင်္ဂလိပ်စာသင်တန်း)
- English Courses for Travel & Tourism
(ခရီးသွားလုပ်ငန်း လုပ်ကိုင်မည့် သူများအတွက် အင်္ဂလိပ်စာ သင်တန်း)

IELTS , TOEFL Courses
- Foundation Course
- Practice Course
- Preparation Course

အမှတ်(၄၁)ရန်ကုန်-အင်းစိန်လမ်းမကြီး၊လှည်းတန်း မီးပွိုင့်အနီး။ Ph:705702,539531,4413097

TOEFL နှင့် IELTS စာမေးပွဲများအတွက်သီးသန့် သီထိုက်သည့် အခြေခံအချက်အလက်များ နှင့် Skills များမှစ၍ စနစ်တကျ သင်ကြားပေးနေသည်။

အရည်အသွေးမှာထိပ်တန်း ကြာငါးခိုင်ဝါဆိုသင်္ကန်း

ကြာငါးခိုင် သင်္ကန်းတိုက်

ဦးညွန့်ဌေး + ဒေါ်နီလာရွှေ သား မောင်မြတ်စိုးအောင်

- ➢ အမှတ် (၈၃)၊ အထက်ကြည့်မြင်တိုင်လမ်း။(ပိတောက်ပင်လမ်းထိပ်)ဖုန်း-၀၁ ၅၃၅၁၆၂
- ➢ အမှတ် (၅၉)၊ အထက်ကြည့်မြင်တိုင်လမ်း၊ (ရတနာပုံလမ်းထိပ်) ဖုန်း - ၀၁ ၅၂၄၁၈၂
- ➢ အမှတ် (၁၄၅)၊ ကုန်ဈေးတန်းလမ်း(အောက်)ပန်းဘဲတန်းမြို့နယ်။ ဖုန်း - ၀၁ ၃၈၇၇၃၂
- ➢ အမှတ် (၁၅၇)၊ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ ဖုန်း - ၀၁ ၅၄၃၁၆၄
- ➢ (၉) မိုင် Ocean စူပါစင်တာတွင်လည်းဝယ်ယူရရှိနိုင်ပါသည်။

FAMILY Entertainment Group
A Member of Forever Group

MRTV-4 INTERNATIONAL

International Package 20%Off For 1Year Package **20 . 7 . 07 - 31 . 7 . 07**

International Package
FREE: MRTV, MRTV-4, Bloomberg
+ CNN, STAR MOVIES, STAR WORLD, NATIONAL GEOGRAPHIC CHANNEL, NATGEO ADVENTURE, [V], Discovery, travel & living, Animal Planet, CN, MTV, EUROSPORT
+ NEW: ESPN, STAR SPORTS

Premium Package
MRTV, MRTV-4, 5 MOVIES, 5 MOVIES, 5 SERIES, 5 CARTOONS, ESPN, STAR SPORTS, Bloomberg

Premium နှင့် Super Package နှစ်ခုလုံးဝယ်ယူထားသူများ ESPN, STAR Sports နှင့် Bloomberg တို့ကို အခမဲ့ကြည့်ရှုခွင့်ရရှိမည်။

Family Entertainment Group Company Limited
34/B, တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
548430, 558874, 559847 Fax: 541420 email : family-ent@myanmar.com.mm

မင်္ဂလာဗျေယျုံ ပရိယတ္တိ ဝါဆိုသင်္ကန်းကပ်ပွဲ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေကြီး(က+ဂ)ရပ်ကွက် ၁၅၄ လမ်း မင်္ဂလာဗျေယျုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသြဘာသ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ကြီးအားအမှူးပြု၍ ကျောင်းတိုက်ရှိ သံဃာတော်အပါး ၁၅၀ တို့အား ၁၃၆၉ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ရက်(ဇူလိုင် ၃၀ ရက်)တနင်္လာနေ့ မွန်းလွဲ ၁နာရီတွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ လှူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၅၄၅၅၂၄သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

အောင်မြေဗိမာန်စာသင်တိုက် (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ကျောင်းလမ်းရှိ အောင်မြေဗိမာန် စာသင်တိုက်တွင် ဝါဆိုဝါကပ်တော်မူကြမည့် သံဃာတော် အရှင်မြတ်အပါး ၁၀၀တို့အား ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့်စာအောင်သံဃာတော်များအား ချီးကျူးပူဇော်ပွဲ အခမ်းအနားကို ဇူလိုင်၂၈ရက်(စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ဒါယကာ၊ ဒါယိကာမများ အနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြည်ညိုလှူဒါန်းကြရန် ဥပသကာအဖွဲ့က နိုးဆော်ထားသည်။

(က–ပ)

အမည်ပြောင်း

ဦးဗိုလ်ပု ၉/တကန(နိုင်) ၀၀၇၉၀၅ အား ဦးဘိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဦးဘို။

အသုံးမလိုတော့သော
လေအေးပေးစက်
ဝယ်လိုပါသည်။
ဖုန်း–၃၉၄၉၄၂

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ခိုင်သန့် ကိုင်ဆောင်သောနိုင်ငံကူးလက်မှတ် အမှတ်–၆၉၃၈၅၉ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဆက်သွယ်ရန် ဖုန်း–၀၉–၅၁–၅၃၄၆၉။**

သုတ၊ ရသ၊ ဒဿန၊ ခေတ်ရဲ့ကြေးမုံ ဟာသများဖြင့် . . .

တတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီအမှတ် (၂)

မောင်ညိုပြာ

ထွက်ပြီ

အလင်းသစ်စာပေ
ဖုန်း–၂၀၂၅၂၂၊ လိုင်းခွဲ–၂၅၄၊ ၀၉–၅၁၁–၀၀၀၄

အမွေပြတ်စွန့်လွှတ်ခြင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)၊ အမှတ် ၄၄၃၊ (၁၉)ရပ်ကွက်၊ လှော်ကားလမ်းနေ ဦးသန်းထွန်း–ဒေါ်ခင်မာနီတို့၏သားဖြစ်သူ မောင်သီဟထွန်း ၁၄/ဗလန(နိုင်)၀၈၁၄၄၅ သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုမူနေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ် ရာသက်ပန်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအရပ်ရပ်ကို လုံးဝတာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းနိုင်ပါသည်။)

ဦးသန်းထွန်း–ဒေါ်ခင်မာနီ(ဒေါ်နီ)။

NAING Group Home Decoration Center

စိတ်ကြည်နူးစရာကောင်းသော နေထိုင်မှုအတွက် လူကြီးမင်းတို့ရှာဖွေနေတဲ့ ပြီးပြည့်စုံသော ဝန်ဆောင်မှုများဖြင့် စိတ်တိုင်းကျ ပြင်ဆင်ပေးနိုင်တာ. . . .

"NAING Group Home Decoration Center"

5% Discount

ရန်ကုန် ➢ အမှတ်(၁၁၇/၁၂၇)၊ ၃၃လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်။ Ph:951-248082, 383658, 381707 Fax: 373759
ပျဉ်းမနား ➢ အမှတ်(၁/၆ခ)၊ ဗိုလ်တောက်ထိန်လမ်း၊ မြို့မဈေးအနီး(ချယ်ရီဦး)။Ph: 067-21454
မန္တလေး ➢ အခန်းအမှတ် B$_2$(3)၊ ၃၂လမ်း၊ ၇၇x၇၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်။ Ph: 02-89173

ကိုယ့်အားကိုယ်ကိုး သုခမိန်စာကြည့်တိုက် နမ့်လန်၌ဖွင့် ရည်ရွယ်ချက်ရှင်းလင်း၊ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

နမ့်လန် ဇူလိုင် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် နမ့်လန်ဒေသ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကဖွင့်လှစ်သော ကိုယ့်အားကိုယ်ကိုး သုခမိန်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၄ ရက် နံနက် ၇ နာရီက စက်ရုံရပ်ကွက်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းကျော်လှိုင်၊ စက်ရုံရပ်ကွက်ဥက္ကဋ္ဌ ဦးစိုင်းဆံချင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်သွယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြသည်။**(အပေါ်ပုံ)**

ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းကျော်လှိုင်၊ စခန်းမှူး ရဲအုပ်သိန်းထွန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးစိုင်းရွှေသိန်း၊ ရှမ်းစာပေယဉ်ကျေးမှုမှ ဦးစိုင်းကျော်မင်းထွန်းတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်သွယ်က စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာအုပ်များကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်းသော စာအုပ် ၅၀၊ စက်ရုံရပ်ကွက်အလှူရှင်များက ငွေကျပ် ၇၀၀၀၀တန် စာအုပ်ဗီရိုတစ်လုံးနှင့်စာအုပ်အလှူရှင်များကလှူဒါန်းသော စာအုပ်မျိုးစုံ ၃၅၀ နှင့် ဂျာနယ် အစောင်၁၀၀တို့ကိုပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် ဒုတိယဦးစီးမှူး ဒေါ်ခင်ဆွေဦးတို့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွက် အနေးယာဉ်လိုင်စင်ထုတ်ပေးရာတွင် ယာဉ်များကြံ့ခိုင်မှုရှိရေးနှင့် စည်းကမ်းတကျရှိရေးတို့ကို ဇွန် ၃၀ ရက်က အုတ်တွင်းမြို့တွင် ကွင်းဆင်းစစ်ဆေးစဉ်။ (၁၁၆)

စာအုပ်နှင့်စာရေးကိရိယာပေးအပ်ပွဲ တောင်သာ၌ကျင်းပ

တောင်သာ ဇူလိုင် ၁

၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် တောင်သာမြို့နယ်မှ ပညာသင်ကြားရန် အခက်အခဲရှိသည့် ချို့တဲ့ကျောင်းသား ကျောင်းသူများအား မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ထောက်ပံ့လှူဒါန်းသည့် ဗလာစာအုပ်နှင့် စာရေးကိရိယာများ ထပ်ဆင့်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၉ရက်က မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများ၌ ကျင်းပသည်။

အခမ်းအနားတွင် မြင်းခြံခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဌေးဌေးက တောင်သာမြို့ အမှတ် (၆)ရပ်ကွက် မင်္ဂလာဦး အမကမှ ကျောင်းသား တစ်ဦးချင်းအလိုက် ထောက်ပံ့ငွေ ပေးအပ်သည်။**(ယာပုံ)**

ထို့အပြင် မြို့နယ်အတွင်း မူလတန်းအဆင့် ၁၁၉၃ ဦး၊ အလယ်တန်းအဆင့် ၁၉၁ ဦးနှင့် အထက်တန်းအဆင့် ၂၁ ဦးတို့အား ဗလာစာအုပ် ၉၁၄ ဒသမ ၅ ဒါဇင်၊ ခဲတံ ၂၉၈ဒသမ ၂၅ ဒါဇင်နှင့် ဘောပင် ၃၅ ဒသမ ၃၃ ဒါဇင်တို့ကို သက်ဆိုင်ရာကျောင်းများသို့ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြဝတီမြို့ အမှတ်(၅)ရပ်ကွက် သုခလမ်းအပိုင်း(၂) ကျောက်စုဆောင်းထားမှုကို ဇွန် ၈ ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ကြီး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးငွေစိုးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပန်းအလှပင်စိုက်ပျိုး ရေပိုက်လိုင်းပြုပြင်

ဟားခါး ဇူလိုင် ၁၄

ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတမ်အောင်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒုတိယဦးစီးမှူး ဒေါ်ကျိန်ရှင်းနှိမ်း ဦးဆောင်သော အဖွဲ့ဝင်ထမ်းများ ဇွန်၉ရက် က အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များစိုက်ပျိုးခြင်းနှင့် ပျိုးထောင် ခင်းကို လည်းကောင်း၊ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးကျော်ကျော် ဦးဆောင်သော အဖွဲ့ဝင်ထမ်းများ ဗိုလ်ချုပ်လမ်းတစ်လျှောက် ရေမြောင်းများပြုပြင်ခြင်းကို လည်းကောင်း၊ဇွန်၁၀ရက်ကဟားခါးမြို့ ရေပေးဝေရေး ဆာကျွမ်းဗားရေပင်ရေရင်း ရေပိုက်လိုင်းများပြုပြင်ခြင်းကို လည်းကောင်း ဆောင်ရွက်ကြသည်။

(ပြည်နယ် ပြန်/ဆက်)

ရေတာရှည် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း ကျောင်းသား ကျောင်းသူများ အာဟာရကျွေးမွေး

ရေတာရှည် ဇူလိုင် ၇

ရေတာရှည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးသိန်းမြင့်ထွန်း၊ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စည်းရုံးရေးမှူးများနှင့် အသင်းဝင်များသည် ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ကလေးငယ်များအားအာဟာရကျွေးမွေးခြင်းကို ဇွန် ၂၆ ရက်က အမက နန်ချွန်ကျောင်း၊ဇွန် ၂၇ ရက်က အမက အမှတ် (၄)ရပ်ကွက်ကျောင်း၊ ဇွန် ၂၉ရက်က အလကရွှေကြက်ယက်ကျောင်းများ၌ ကျောင်းသား ကျောင်းသူများအား အာဟာရသာဂုကျိုတိုက်ကျွေးခဲ့ကြကြောင်း သိရသည်။**(က-ပ)**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကန်ကြီးထောင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် စုပေါင်းသန့်ရှင်းရေးကို အထက ကျောင်းရှေ့ မြို့အဝင်လမ်းမကြီးနှင့် လောကမှန်ကူ စေတီတော် ပတ်ဝန်းကျင်တို့တွင် ဆောင်ရွက်ကြရာ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းရွှေနှင့် ရုံးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ ပါဝင်ဆောင်ရွက်စဉ်။ (၁၀၈)

စာပေပန်းခင်းစာကြည့်တိုက်သို့ ငွေပဒေသာပင်နှင့်စာအုပ်များလှူဒါန်း

ဂန့်ဂေါ ဇူလိုင် ၃

မကွေးတိုင်း ဂန့်ဂေါမြို့နယ် မွေ့လယ်ကျေးရွာ စာပေပန်းခင်းစာကြည့်တိုက်သို့ ငွေပဒေသာပင်နှင့် စာအုပ်များပေးအပ်လှူဒါန်းပွဲကို ဇွန် ၂၃ ရက်နံနက်က အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးဝင်းတက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ရေးနှင့် ပတ်သက်၍ ရှင်းလင်းသည်။

ထို့နောက် ကျေးရွာဥက္ကဋ္ဌ ဦးထိန်စိုးက စေတနာရှင်များ စုပေါင်း၍ စာကြည့်တိုက် ငွေပဒေသာပင်အဖြစ် လှူဒါန်းသည့် ငွေကျပ်ငါးသောင်းကို လည်းကောင်း၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဦးစန်းဝင်းနိုင်က ဒို့ကျေးရွာ ဂျာနယ် ၄၈ စောင်ကို လည်းကောင်း၊ ဂန့်ဂေါခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂)ဦးကျော်သန်းဆွေက ရွှေသွေးဂျာနယ် ၅၂စောင်ကိုလည်းကောင်း၊ မွေ့လယ်ကျေးရွာနေ ဦးအောင်နိုင်လင်းနှင့် ညီအစ်ကိုများက ငွေကျပ် ၁၃၆၂၀၀ တန်ဖိုးရှိ သုတ၊ ရသစာအုပ်မျိုးစုံ ၁၂၇ အုပ်ကို လည်းကောင်း၊ ခရိုင်ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်၊ ကျေးရွာစာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် အဖွဲ့ဝင် ဦးအောင်ဆန်းဦးတို့ထံ ပေးအပ်လှူဒါန်းကြသည်။ **(၂၇၃)**

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒီးဒုတ်ကုန်းကျေးရွာ ကျေးလက် ရေပေးရေးလုပ်ငန်း ဆောင်ရွက်ထားမှုကို ဇွန် ၂၁ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ထွန်း ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မိုးရာသီစိုက်ပျိုးရေး ပန်းအလှပင်များ ပျိုးထောင်

ရပ်စောက် ဇူလိုင် ၇

ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့သာယာလှပရေးနှင့် သန့်ရှင်းရေးအတွက် အဖွဲ့ဝန်ထမ်းများဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မိုးရာသီစိုက်ပျိုးနိုင်ရေးအတွက် ဇွန် ၃၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဝင်း အတွင်းရှိ ပျိုးဥယျာဉ်တွင် အရိပ်ရပင်နှင့် ပန်းအလှပင်များ ပျိုးထောင်နေမှုကို အမှုဆောင်အရာရှိ ဦးစိုးနိုင်ဝင်း ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် တက္ကသိုလ်ဝင်တန်းထူးချွန်အောင်မြင်သူများ ဂုဏ်ပြု

တန့်ဆည် ဇူလိုင် ၁၆

မြန်မာ အမျိုးသမီးများနေ့ အထိမ်းအမှတ် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအားဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၄ရက် နံနက်၉နာရီက တန့်ဆည်မြို့ အထက ကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးနှင့်အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ အခြားလူမှုရေးအသင်းအဖွဲ့များမှတာဝန်ရှိသူများ၊ ကျောင်းသားမိဘများ၊ ဆရာ ကျောင်းသားကျောင်းသူများနှင့်တန့်ဆည် အထကမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ထို့နောက် ဂုဏ်ပြုခြင်းခံရသော ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၀ အား တစ်ဘာသာလျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ခင်ပွန်း ဦးမောင်မောင် အင်ဂျင်နီယာမှူးကြီး ဆသရ(ငြိမ်း)နှင့် သားသမီးများဖြစ်ကြသော ကိုကိုဇော်၊ ကိုကိုမော်၊ ကိုကိုကျော် တို့အား ရည်စူး၍ စစ်ကိုင်းမြို့နေ ဒေါ်သန်းမြင့် (ရတနာပုံတံတားစီမံကိန်း) မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာ ကျောင်း အမှုဆောင်ဆရာတော်(က၀) ဒေါက်တာ အရှင်ဝိစိတ္တထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကြက်ဆူပင်စိုက်ပျိုး ပညာပေးဟောပြော

ရေဦး ဇူလိုင် ၁၈

ရေဦးမြို့နယ် လျှော်ဖြူကျေးရွာတွင် ကြက်ဆူပင်စိုက်ပျိုးပွဲနှင့်ပညာပေး ဟောပြောပွဲကို ဇူလိုင် ၁၄ရက် ညနေ ၄နာရီက ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်ထွန်းက ကြက်ဆူစိုက်ပျိုး အကျိုးဖြစ်ထွန်းမှုများကို လည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန ဦးလှဆွေက ရေထိန်းသိမ်းရေးဆိုင်ရာများကိုလည်းကောင်း၊ စိုက်ပျိုးရေးတာဝန်ခံ ဦးသန်းမြင့်က စိုက်ပျိုးရေးနည်းစနစ်များကို လည်းကောင်း ရှင်းလင်းဟောပြောပြီး တောင်သူဦးသာခင် မြေကွက်နှစ်ဧကတွင် ကြက်ဆူပင် ၂၄၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

မိခင်ကြီး ဒေါ်သိန်းသိန်း(၄) နှစ်ပြည့်အား ရည်စူး၍ တောင်ငူမြို့ (၈)ရပ်ကွက်အုတ်ကျွတ်တန်း အမှတ် ၃၈ နေ ဦးပင့်ငါ သားသမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ ၈ ကား ဝါ လမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် နှစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (စီမံ) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

စာအုပ်မျိုးစုံနှင့်အလှူငွေများ ပေးအပ်လှူဒါန်း

ကလေး၀ ဇူလိုင် ၁

စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် တောင်ကုန်းရွာ ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၈ရက် နံနက် ၈ နာရီခွဲက ယင်းအဆောက်အအုံရှေ့၌ကျင်းပရာ ကလေးဝမြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဇင်၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးချစ်သန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဒေါ်ခင်ဝင်းနှင့် အဆောက်အအုံဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှငွေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာလှိုင်၊ အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်အေးအေးသင်း၊ ဒေါ်ခင်စန်းဝင်းတို့က စာအုပ်မျိုးစုံ အုပ်၄၀၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ် ၃၅ အုပ်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စာအုပ် ၂၅ အုပ်၊ ကလေးဝမြို့ သိန်းကြွယ်အောင် တည်းခိုရိပ်သာပိုင်ရှင် ဦးလှဝင်းမိသားစုက အလှူငွေကျပ် ၁၀၀၀၀၊ ခန္တီးမြို့နယ် သမဝါယမဦးစီးအရာရှိ ဦးလှရွှေက ငွေကျပ် ၅၀၀၀၊ ကျေးရွာမှ အလှူရှင်များက စုပေါင်းငွေကျပ် ၃၅၀၀၀ တို့ကို လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌ ဦးညွန့်ရွှေနှင့်စာကြည့်တိုက်ကော်မတီဝင်များက လက်ခံကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား (၂၀၀၇) ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဇူလိုင် ၄ ရက်က မော်လမြိုင်မြို့ ရာမညအားကစားပြိုင်ကွင်း၌ ကျင်းပရာ မော်လမြိုင်မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြို့နယ် သတင်းများ

နိုင်ငံတကာအလိုက် အဆင့်(၃)ရရှိခဲ့သော မြန်မာလူငယ်ဘောလုံးအသင်းတွင်ပါဝင်သူ ဂုဏ်ပြု

တောင်ကြီး ဇူလိုင် ၁

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အသက် ၁၃ နှစ်အောက် အာရှလူငယ် ဘောလုံးပြိုင်ပွဲကို ဇွန် ၅ ရက်မှ ၉ ရက်အထိ မလေးရှားနိုင်ငံ ကိုဘာကင်နာဘာလူဆာဘမြို့၌ ကျင်းပခဲ့ရာ နိုင်ငံအလိုက်အဆင့်(၃)ရရှိခဲ့သော မြန်မာလူငယ်ဘောလုံးအသင်းတွင်ပါဝင်ခဲ့သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက် မြန်မာ့ဆက်သွယ်ရေးဝင်းနေ အထက(၁) အဋ္ဌမတန်းကျောင်းသားမောင်အောင်ကိုကိုပိုင်အား ဂုဏ်ပြုပွဲအခမ်းအနားကို ဇွန် ၂၈ရက် ညနေ ၅နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း အထူးတန်း ပွဲကြည့်စင်တွင် ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အဆိုပါအခမ်းအနားကို မြို့နယ်အားကစားနှင့်ကာယပညာကော်မတီမှ ဦးစီးကျင်းပပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ဥက္ကဋ္ဌနှင့်ဌာနဆိုင်ရာများ၊ မြို့နယ်ဘောလုံးကော်မတီဝင်များ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်ဘောလုံးလက်ရွေးစင်ဟောင်းများ၊ စေတနာရှင်များ တက်ရောက်၍ မောင်အောင်ကိုကိုပိုင်အား ဂုဏ်ပြုလက်ဆောင်များနှင့် ငွေသား စုစုပေါင်းကျပ်တစ်သိန်းရှစ်သောင်းကို ဂုဏ်ပြုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် အား/က)**

ဝမ်းပျက် ဝမ်းလျှောရောဂါ ကာကွယ်ရေး ကျန်းမာရေးပညာပေးလုပ်ငန်း ဆောင်ရွက်

ပန်းတောင်း ဇူလိုင် ၁

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင်ပန်းတောင်းမြို့နယ် ရှားဇီးဖိုကျေးရွာနှင့် စာစီကျေးရွာများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဇွန် ၂၀ရက်က ကျန်းမာရေး ဦးစီးဌာန (ရုံးချုပ်) ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနမှ အင်ဂျင်နီယာများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထင်ကျော် ဦးဆောင်သော မြို့နယ်ကျန်းမာရေး ဦးစီးဌာနနှင့် ထုံးဘိုတိုက်နယ်ကျန်းမာရေးဌာနတို့မှ အခြေခံကျန်းမာရေး ဝန်ထမ်းများ၊ ထုံးဘိုကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရေနမူနာ စစ်ဆေးခြင်း၊ ရေတွင်း၊ ရေကန်များတွင် ပိုးသတ်ဆေးခပ်ခြင်း၊ ယင်လုံအိမ်သာ စစ်ဆေးခြင်း၊ ကျန်းမာရေး ပညာပေးခြင်း လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြောင်းသိရသည်။ (အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးတွင်ရောင်းချသောဆားများ၌ အိုင်အိုဒင်း ဓာတ်ပါဝင်မှုကို ဇွန် ၂ ရက်က ဦးစီးအရာရှိ ဦးတင့်ဇေ၊ ဒုတိယဦးစီးမှူး(ဈေး) ဦးမျိုးတင့်နှင့် ကျန်းမာရေးမှူး(၂) ဦးတင်လှိုင်ဝင်းတို့ အေးမြသီတာဈေး အရောင်းဆိုင်များတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှုရာခိုင်နှုန်း စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

တပ်ကုန်းမြို့၌ အိုင်စီတီသင်တန်းဖွင့်

တပ်ကုန်း ဇူလိုင် ၄

ပျဉ်းမနားခရိုင် တပ်ကုန်းမြို့၌ ICT Course အခမဲ့သင်တန်းများဖွင့်ပွဲကို ဇွန်၂၂ရက် နံနက်၁၀ နာရီက မြဝတီရပ်ကွက်၌ကျင်းပရာ အုပ်ချုပ်မှုအကြီးအကဲ ဦးမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး Real Tech Computer Company မှ Managing Director ဦးစိုးမြင့်ဝင်းက သင်တန်းနှင့်ဆိုင်ရာများကိုလည်းကောင်း၊ သင်တန်းနည်းပြ ဦးစိုးနိုင်က IT နှင့် ပတ်သက်သည့် အကြောင်းအရာများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

သင်တန်းတွင် ပရင်တာ၊ ဒစ်ဂျစ်တယ်ကင်မရာတို့နှင့် စပ်လျဉ်း၍ လက်တွေ့ သင်ကြားကြောင်း သိရသည်။ (စာပေနှင့် စာနယ်ဇင်း)

မြန်မာအမျိုးသမီးများနေ့ အခမ်းအနား စစ်တွေ၌ကျင်းပ

စစ်တွေ ဇွန် ၁၀

မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယကအဖွဲ့ဝင် ဒေါ်မိုမိုနွယ်၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ စစ်တွေမြို့ပေါ်ရှိ အခြေခံကျောင်းများမှ ဆရာမများ၊ မီးသတ်နှင့် ကြက်ခြေနီ အမျိုးသမီးတပ်ဖွဲ့ဝင်များ၊ သက်ငယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆုရရှိကြသူများနှင့် ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက အဖွဲ့ဝင် ဒေါ်မိုမိုနွယ်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ရခိုင်ပြည်နယ် ဂုဏ်ဆောင် အမျိုးသမီးများအား ဂုဏ်ပြုလွှာများကို ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက အဖွဲ့ဝင် ဒေါ်မိုမိုနွယ်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့သို့ စေတနာရှင် အလှူရှင်များ၏ လှူဒါန်းငွေများကို ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကအဖွဲ့ဝင် ဒေါ်မိုမိုနွယ်နှင့် တာဝန်ရှိသူအသီးသီးတို့က လက်ခံယူကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဖျော်ဖြေမှုအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကအဖွဲ့ဝင်ဒေါ်မိုမိုနွယ်က ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကအဖွဲ့ဝင် ဒေါ်မိုမိုနွယ်နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တို့က ပြသထားသော မှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှု အားပေးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဦး ဦးဆောင်၍ ဒုတိယဦးစီးမှူး(ဈေး)နှင့် အဖွဲ့ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူ ဈေးသားများ ဇူလိုင် ၃ ရက်က အမှတ်(၂)ဈေးအတွင်း ရေနုတ်မြောင်းများ ရှင်းလင်းမှုကို စုပေါင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မဟာသမယသုတ် ရွတ်ဆိုပူဇော်မှု အကောင်းဆုံးရွေးချယ် ဆုချီးမြှင့်

ကျိုင်းတုံ ဇူလိုင် ၇

ရှမ်းပြည်နယ် (အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူး၍ ဇွန် ၂၉ ရက် နံနက် ၇နာရီခွဲက ကျိုင်းတုံမြို့ သာသနာ့ဗိမာန်၌ ၂၀၀၇ခုနှစ် မဟာသမယသုတ်ရွတ်ဆိုပူဇော်မှု အကောင်းဆုံး ရွေးချယ်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားသို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဇနီး၊ စစ်ဘက်မှအရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင်များနှင့် ဝတ်ရွတ်အသင်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးက မဟာသမယသုတ် ရွတ်ဆိုမှုတွင် ဆုရရှိသည့် ပထမ၊ ဒုတိယ၊တတိယဆုများ ချီးမြှင့်ကာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက က နှစ်သိမ့်ဆုနှင့် ယှဉ်ပြိုင်ဆုများ ချီးမြှင့်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(အမျိုးသမီးရေးရာ)**

သုတမဉ္ဇူစာကြည့်တိုက် နှစ်ပတ်လည်အထိမ်းအမှတ် စာအုပ်မျိုးစုံနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်း

ကျောက်ဆည် ဇူလိုင် ၁

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ရွာခိုင်ကြီးကျေးရွာ သုတမဉ္ဇူကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် စာအုပ်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ဇွန် ၁၀ရက် နံနက် ၈နာရီက အဆိုပါကျေးရွာရှိ ပရိယတ္တိပျိုးခင်းမြစ်နားကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် စာကြည့်တိုက် ဦးစီးပဓာန နာယကဆရာတော် ဦးပညာသာမိက သြဝါဒမြွက်ကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကိုလည်းကောင်း၊ စာကြည့်တိုက် နာယက ဦးနိုင်သူက စာကြည့်တိုက် သမိုင်းကြောင်းကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စာကြည့်တိုက်သို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျောက်ဆည်၊ မြစ်သား၊ ဝမ်းတွင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းတို့က ငွေကျပ် ၁၉၄၃၀၀တန်ဖိုးရှိ သုတ၊ ရသစာအုပ် ၆၈အုပ်၊ မဂ္ဂဇင်းမျိုးစုံ ၂၃၁အုပ်၊ ဝတ္ထုစာအုပ် ၂၁အုပ်၊ ရုပ်ပြစာအုပ် ၁၀ အုပ်နှင့် ဂျာနယ်မျိုးစုံ၂၁၉စောင်ကိုလည်းကောင်း၊ ကျေးရွာစေတနာရှင် ပြည်သူများက ငွေကျပ် ၆၈၂၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ဆရာတော် ဦးပညာသာမိက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(ဈေး)ဦးဆန်းဝင်း၊ ဈေးခေါင်း(၄) ဦးဝင်းထိုက်နှင့် ဈေးဝန်ထမ်းများ ဇွန် ၂၇ ရက်က သဲတောဈေးအတွင်း ရောင်းချလျက်ရှိသောဆားများတွင် အိုင်အိုဒင်းပါဝင်မှု ရှိ မရှိ ကြီးကြပ်စစ်ဆေး ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဆက်သွယ်ရေးဖုန်း ကြေးနန်းကြိုးများ ဖြတ်တောက်ခိုးယူသူ တရားခံများဖမ်းမိ

နောင်ချို ဇူလိုင် ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၊ ကျောက်မဲမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေး-လားရှိုး ကားလမ်းတစ်လျှောက်တို့တွင် ဆက်သွယ်ရေးတယ်လီဖုန်း ကြေးနန်းကြိုးများ ဖြတ်တောက်ခိုးယူခြင်းများ မကြာခဏဖြစ်ပွားလျက်ရှိရာ ကြေးနန်းကြိုးခိုးယူသည့် တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် နောင်ချိုမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်စိုး၊ စခန်းမှူး ရဲအုပ်အောင်စိုး (ဦးစီး)အဖွဲ့၊ နယ်ထိန်းဒုတိယရဲအုပ် ဇော်မင်းဦးနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ ဘန့်ဘွေးရဲကင်းမှူး ဒုတိယရဲအုပ်စိုးမြင့်(ဦးစီး)၊ ရဲကင်းတပ်ဖွဲ့ဝင်များ၊ နောင်ချို ရဲတပ်ဖွဲ့စခန်း၊ ဆက်သွယ်ရေးတယ်လီဖုန်း ကြေးနန်းကြိုး (ပ) ၇၀/၂၀၀၇ ပြည်သူပိုင် ၆(၁) အမှု၏ အမှုစစ်အဖွဲ့မှ ဒုတိယရဲအုပ် အောင်ကြည်ဇော်၊ ကျောက်မဲခရိုင် ဒုစရိုက်နှိမ်နင်းရေးအဖွဲ့မှ ဒုတိယရဲအုပ် ဇော်မင်းတို့၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် တရားခံများအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိသည်။

ဖမ်းဆီးရမိသည့် တရားခံ ၁၀ ဦးအား နောင်ချို ရဲတပ်ဖွဲ့စခန်းမှ အမှုကို ခိုင်မာစွာတည်ဆောက်ပြီး တရားစွဲဆိုတင်ပို့လိုက်ကြောင်း သိရသည်။

(၂၄၇)

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

ရန်ကုန် ဇူလိုင် ၂၀

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများနေ့စဉ် လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက် အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၃၉၂၂၂၃** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ရုံးဖွင့်ရက်များ၌ နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၄နာရီအထိ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။**

(မြန်မာ့အလင်း)

အမည်ပြောင်း အဖဦးအောင်ငွေ၏သမီး မဆွေဇင်ဦး ၁၂/စခန(နိုင်)၀၀၉၁၇၇ အား မဆွေဇင်ငွေဟု လည်းကောင်း၊ မအိရွှေစင် ၁၂/စခန(နိုင်) ၀၅၂၀၁၃ အား မအိရွှေစင်ငွေဟု ပြောင်းလဲခေါ်ပါရန်။

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်တထောင်မြို့နယ်ရှိတိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှ အဆင့်ဆင့်ဝယ်ယူထားသူသည် တိုက်ခန်းအမည်ပေါက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးကြင်ထွန်း KTO-၀၄၆၈၅၁မှ ဦးမျိုးဝင်း ၁၂/ဗတထ(နိုင်)၀၀၁၂၀၁မှ	ဦးမြတ်စိုး ၁၄/ညတန(နိုင်)၀၉၃၁၄၈	အမှတ်(၉၃)၊၅လွှာ(ညာ) ဗညားဒလလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်
၂။	ဦးတင်မောင်ဝင်း ၁၂/လမတ(နိုင်)၀၁၅၉၅၄မှ ဒေါ်ခင်ဧရာဦး ၇/ဆပဝ(နိုင်)၀၀၀၂၀၈မှ ဒေါ်ခင်ရတနာဦး ၁၂/ဗတထ(နိုင်)၀၀၉၃၃၀မှ	ဦးနိုင်နိုင်ဦး ၁၂/သဃက(နိုင်)၁၅၁၂၁၁	အမှတ်(၄၁/၄၅)၊၆ထပ် အခန်းအမှတ်(၃၆)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်။

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

အများသိစေရန်

ပဲခူးတိုင်း ပဲခူးမြို့ ဗိုလ်ကုန်း(၁၈)ရပ်ကွက် မာဃလမ်းတွင်တည်ရှိသော **"အောင်ဆီစက်"** လုပ်ငန်းသည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲခဲ့ပြီး စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး မှတ်ပုံတင်စာချုပ်အမှတ် (၂၃၃၈/၂၀၀၁)အရ တစ်ဦးတည်း တရားဝင်သုံးစွဲသွားရန် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

မှတ်ပုံတင်အမှတ်- ၂၃၃၈/၂၀၀၁

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို **"အောင်ဆီစက်"** လုပ်ငန်းမှထုတ်လုပ်သော စားသုံးဆီများတွင် အရွယ်အစားမျိုးစုံဖြင့် အသုံးပြုထုတ်လုပ်၍ မြန်မာတစ်ပြည်လုံးတွင် တရားဝင်ဖြန့်ချိလျက်ရှိပါကြောင်းနှင့် တစ်စုံတစ်ရာ အရေးယူခံထားရခြင်း၊ တားမြစ်ခံထားရခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ မည်သူတစ်ဦးတစ်ယောက်ကမျှ အထက်ပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ တစ်ခုလုံးဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေမည့် တုပပြုလုပ်သုံးစွဲခြင်း မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်ခင်ဝါဝါထွန်း(M.Sc, H.G. P, R.L)
တရားရုံးချုပ်ရှေ့နေ(စဉ်-၃၄၀၀)
အမှတ်-၅၅၊ အခန်း(၂၇)
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့။
ဖုန်း-၃၈၉၄၂၇။

မြစ်ကြီးနား–နမ့်တီး–တနိုင်း–ပန်ဆောင်–လီဒိုလမ်းပေါ်၌ အရေးပါသည့် ဒွန်ဘန်တံတားဖွင့်လှစ် ကချင်ပြည်နယ်ဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ လူနေမှုဘဝမြင့်မားရေး အထောက်အကူပြု တိုင်းရင်းသားများ ညီညီညွတ်ညွတ်ကြိုးစားမှုကြောင့် ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ် ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁၅)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသော ကချင်ပြည်နယ် မြစ်ကြီးနား–နမ့်တီး–တနိုင်း–ပန်ဆောင်–လီဒိုလမ်းမကြီးပေါ်ရှိ ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာအနီးရှိ ဒွန်ဘန်တံတားဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်အားပေးပြီး မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်ပေးသည်။ ***စာမျက်နှာ ၇ ကော်လံ ၁*** ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ ဖားကန့်မြို့နယ် ဒွန်ဘန်တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့နှင့်စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို ဆက်လက်ဖော်ပြသွားပါမည်

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၇ခုနှစ် ဇူလိုင် ၂၀ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများနှင့် စပ်လျဉ်း၍ အလှည့်ကျသဘာပတိအဖွဲ့ဝင်များ၏ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့နှင့် စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို သတင်းစာများတွင် ဆက်လက်ဖော်ပြသွားပါမည်။ (သတင်းစဉ်)

နိုင်ငံတော်၏ဆောင်ရွက်ချက် တိုင်းရင်းသားပြည်သူများ သဘောပေါက်အောင် စည်းရုံး ဘက်စုံတတ်ကျွမ်းနားလည်ပြီး စည်းရုံးရေးမှူးကောင်းများဖြစ်အောင် ဆောင်ရွက် နိုင်ငံ့အကျိုးနှင့် ဒေသအကျိုးရှေးရှုပြီး ဖွံ့ဖြိုးရေးတာဝန်များ ပူးပေါင်းထမ်းဆောင်

နေပြည်တော် ဇူလိုင် ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီခွဲတွင် မိုင်းခတ်မြို့နယ် ဝမ်ပြန်ကျေးရွာ၏ ခြိစည်းရိုးကြက်ဆူစိုက်ပျိုးပွဲတော် ကျင်းပသည့် ၁၀ ဧက စိုက်ခင်းသို့ ရောက်ရှိကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ■

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

ကမ္ဘာပြုမှုနဲ့ အမေရိကန်ပြုမှုဆိုတာကို ခွဲခြားနိုင်ကြပါစေ

ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် လွတ်လပ်မှုအကြောင်းပြပြီးပြုလုပ်တဲ့ အမေရိကန်ရဲ့ စစ်ရေးအရ ကျူးကျော်ဝင်ရောက်မှုတွေဟာ စစ်ဘက်ပစ်မှတ်၊ အရပ်ဘက်ပစ်မှတ်ဆိုပြီး ခွဲခြားတာမဟုတ်ပါဘူး။ တကယ်ခံစားသွားရတာက အပြစ်မဲ့ပြည်သူတွေဆိုတာကို မမေ့သင့်ပါဘူး။ ပူပူနွေးနွေး အီရတ်နိုင်ငံကိုပဲကြည့်ကြပါ။ ဆဒ်မ်ကြီးရဲ့အုပ်ချုပ်ပုံကို မကြိုက်တဲ့သူတွေ အမေရိကန်ဝင်လာတာကို ကယ်တင်ရှင်ကြီးလာတယ်လို့ ထင်မိခဲ့တာ အခုဘာတွေ ဘယ်လိုကြုံတွေ့ ခံစားနေရသလဲဆိုတာ အားလုံးအသိပါပဲ။ ကမ္ဘာပြုမှု (Globalization)နဲ့ အမေရိကန်ပြုမှု (Americanization)ဆိုတာကို ခွဲခြားနိုင်ကြပါစေ။

ဝဏ္ဏမင်းခေါင်၏ ဆောင်းပါးကို (စာ ၈–၉) တွင် ဖတ်ရှုနိုင်ပါသည်။